Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း

e-Paper-0005

၂၀၂၄ ခုနှစ် မတ် ၁ ရက်



# ဒေသရေမြေနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သောလယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုနိုင်ရေး အားပေးကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော်၊ ဖေဖော်ဝါရီ ၂၃

ကြံသီးနှံရိတ်သိမ်းစက်သရုပ်ပြပွဲ နှင့် စက်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကို ဖေဖော်ဝါရီ ၂၂ ရက်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်၊ ရွှေညောင်မြို့ မြဘုရင်သကြားစက်ရုံ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် ကြံစိုက်တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး က အမှာစကားပြောကြားရာ၌ နိုင်ငံတော် အစိုးရက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအကျိုးဝင်သည့် စိုက်ပျိုးမွေးမြူရေးအခြေခံသော ကုန်ထုတ်လုပ်ငန်းများကိုမြှင့်တင်၍ နိုင်ငံစီးပွားတိုးတက်မြင့်မားရေးနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုစီးပွား ဘဝမြင့်မားတိုးတက်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထွန်ယက်စိုက်ပျိုးခြင်း ရိတ်သိမ်းခြွေလှေ့ခြင်း ပြုပြင်ထုပ်ပိုးခြင်း စသည့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တိုင်းတွင် စက်ကိရိယာများ အပြည့်အဝအသုံးပြု လုပ်ကိုင်နိုင်သော ခေတ်မီစက်မှု လယ်ယာစနစ် သို့ ကူးပြောင်းနိုင်မှသာ လုပ်သားရှားပါးမှု၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု အခက်အခဲများကို အောင်မြင်စွာဖြတ်ကျော်ပြီး ထုတ်လုပ်မှု အရေ အတွက် နှင့် အရည်အသွေး သိသာစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေသရေမြေနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သော လယ်ယာသုံး စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရန် မိမိတို့ဝန်ကြီး ဌာနက အားပေးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စပါး ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်ရန် အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ စက်မှုကုန်ကြမ်းသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် သကြားစက်ရုံ (၂၅)ခုရှိပြီး ကုန်ကြမ်းရရှိနိုင်မှုအခြေအနေအရ တစ်နှစ်လျှင် ရက် ၁၀၀ ခန့်သာ လည်ပတ်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကြံစိုက်ဧက ၄၀၈၀၀၀ ကျော်မှ ပျမ်းမျှ ၂၆.၆၅တန် ထွက်ရှိခဲ့သဖြင့် ပန်းတိုင်အထွက်နှုန်း တစ်ဧက တန် ၃၀ ရရှိရေး ကြိုးပမ်းကြရန် လိုအပ်လျက်ရှိပါကြောင်း၊ မျိုးမှန် နည်းမှန် ဓာတ်မြေသြဇာ အချိုးအဆမှန်အသုံးပြုစိုက်ပျိုးပြုစုပြီး ရိတ်သိမ်းရမည့်ကာလ ရိတ်သိမ်းသည့်စနစ်မှန်ကန်စွာ ဆောင်ရွက်ပါက ပန်းတိုင်အထွက်နှုန်းအပြည့်အဝရရှိနိုင်မည်ဖြစ်ပြီး တောင်သူလည်းအကျိုးရှိ သကြားစက်ရုံများအတွက်လည်း ကုန်ကြမ်းရရှိကာ စက်စွမ်းအားပြည့်လည်ပတ်နိုင်ကြမည် ဖြစ်၍ တောင်သူနှင့်လုပ်ငန်းရှင်များ အချိတ်အဆက်မိမိ ပူးပေါင်းကြိုးပမ်းကြရန် တိုက်တွန်းပါ ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု၊ ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးအခြေခံကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရ၏ အားပေးကူညီဆောင်ရွက်ပေးနေမှု ၊ ဒေသ ဝမ်းစာဖူလုံမှု နှင့် သီးနှံအလိုက်ပန်းတိုင်အထွက်ရရှိရေး ၊ သီးထပ်စွမ်းအားမြှင့်တင်ရေး အတွက် သက်ဆိုင်ရာ ဌာနများ၊ တောင်သူများနှင့် လုပ်ငန်းရှင်များက ဝိုင်းဝန်းကြိုးပမ်းပေးကြရန် ဆွေးနွေး ပြောကြားသည်။

အခမ်းအနားတွင် မြဘုရင်သကြားစက် တာဝန်ရှိသူက ကြံသီးနှံရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ပြည်နယ်ဝန်ကြီးချုပ် နှင့် အခမ်းအနားတက်ရောက် လာကြသူများသည် Case IH A9000 အမျိုးအစား ခေတ်မီကြံသီးနှံရိတ်သိမ်းစက်ဖြင့် လက်တွေ့ရိတ်သိမ်းခြင်း၊ ကြံစိုက်ခင်းအတွင်း စက်ယန္တရား အသုံးပြု၍ ကြားပေါင်းလိုက်ခြင်း၊ ဓာတ်မြေသြဇာ ထည့်သွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုအားပေးကြသည်။

ယခုကဲ့သို့ ခေတ်မီကြံသီးနှံရိတ်သိမ်းစက်ကို အသုံးပြုခြင်းဖြင့် လုပ်သားအင်အားဖြင့် ခုတ်သိမ်းခြင်းထက် အချိန်နှင့်စရိတ်သက်သာခြင်း၊ ကြံလေလွင့်ဆုံးရှုံးမှုမရှိခြင်း၊ စက်ရုံ၏ ကြံလိုအပ်ချက်ပမာဏကို အချိန်မီခုတ်သိမ်းပေး

စာ-၃ သို့

တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်



# မွေးမြူရေးကဏ္ဍ သိသာစွာပြောင်းလဲတိုးတက်ရန်
## သက်ဆိုင်သူအားလုံးက ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်

နေပြည်တော်၊ဖေဖော်ဝါရီ ၁၈

ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်ရေး၊ မွေးမြူရေးအခြေခံ အသေးစား အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုး လာပြီး မွေးမြူရေးကဏ္ဍ သိသာစွာ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံ့စီးပွား မြှင့်တင်ရေးရံပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာ အပါအဝင်လိုအပ်ချက်များ အားပေးကူညီဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပုဂ္ဂလိက မွေးမြူရေး လုပ်ငန်းများနှင့် မွေးမြူရေးသုတေသနလုပ်ငန်းဆောင်ရွက်ချက်များကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး သည် တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာကျေးရွာ မွေးမြူရေးတောင်သူများ၊ ဝန်ကြီးဌာနနှင့် စီပီကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သော အဆင့်မြင့်မွေးမြူရေးခြံ (၈)ခြံတွင် အသားတိုးဝက် (၄၈၀၀)ကောင် မွေးမြူထားရှိမှု၊ ဇီဝလုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ ဝက်ချေးမှ ဘိုင်အိုဂက်(စ်) ထုတ်လုပ်၍ မွေးမြူရေး လုပ်ငန်းသုံးလျှပ်စစ်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး၊ အစာကျွေးမွေးမှု၊ အာဟာရပြည့်ဝစေမှု အပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ် ကာကွယ်ရေး လုပ်ငန်းများကို မွေးမြူထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင် ဟန်ချက်ညီညီ ဆောင်ရွက်သွားရန် လိုအပ်ချက်များ၊ ခိုင်မာသော ဈေးကွက် ဖော်ဆောင်နိုင်ကြစေရန် နှင့် ရှိပြီးဈေးကွက် ခိုင်မာရေးကို ဂရုပြုဆောင်ရွက်ရန် လိုအပ်ချက်များ၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ဌာန၊ တောင်သူနှင့် ပုဂ္ဂလိကတို့ ဟန်ချက်ညီ ပူးပေါင်း ဆောင်ရွက်ကြရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး ဂေဟာစနစ်ထိမ်းသိမ်းရေးနှင့် မွေးမြူရေးခြံ အတွင်း နှစ်တို နှစ်ရှည်စားပင် သီးပင်များ စိုက်ပျိုးရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရွှေမြို့မွေးမြူရေးဇုန်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဇီဝလုံခြုံမှု အဆင့်(၂) ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ ခွာနာလျှာနာဌာနစိတ်၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက BSL-3 ဓာတ်ခွဲခန်း တည်းဆောက်ပြီးစီးမှု၊ ရွှေမြို့တိုးချဲ့ရေးဇုန်တွင် ဥစားဘဲ ၊ အသားစားဘဲရုံများ တည်ဆောက်နေမှု၊ ဥဖောက်စက်ရုံ တည်ဆောက်ပြီးစီးမှု၊ တိုးချဲ့ရေးဇုန် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု ၊ ဒေသနွားများ ကို အသားစားနွားမျိုးများအဖြစ် မျိုးမြှင့်သားစပ်၍ သားပေါက်နှုန်းနှင့် ကြီးထွားနှုန်း သုတေသနပြု ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး က မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရန် အလားအလာကောင်းသော ဒေသတစ်ခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ အတွင်း ဆိတ် ၊ နို့စားနွား ၊ ဝက်မွေးမြူရေး ၊ ဥစားကြက်၊ အသားစား ကြက် ဘဲ မွေးမြူရေး လုပ်ငန်းများကို ကောင်းမွန်သော မွေးမြူရေး ကျင့်စဉ် (GAHP- ဂျီအေအိပ်ပီ)နှင့်အညီ မွေးမြူ ထုတ်လုပ်မှု အားကောင်းလာစေရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ ၏ လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးနိုင်ရေး တိုးမြှင့် ဆောင်ရွက်ရန်၊ အစားအစာဘေးကင်း လုံခြုံရေး အလေးထားဆောင်ရွက်ရန်၊ တိရစ္ဆာန် ကူးစက်ရောဂါများကို စဉ်ဆက်မပြတ် စောင့်ကြည့်၍ ကြိုတင် ကာကွယ်ရန်၊ နို့စားနွား မွေးမြူရေး ဖွံ့ဖြိုး တိုးတက်ရေး အတွက် တစ်ပိုင်တစ်နိုင် ယူနစ်အလိုက် မွေးမြူရေး ဆောင်ရွက်ခြင်း စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် မွေးမြူရေးသုတေသနဦးစီးဌာနမှ သုတေသနပြုမည့် ဒေသနွားမျိုး ပြာစိမ်းကို အသားစားနွားမျိုးများဖြင့် မျိုးမြှင့်သားစပ်သုတေ သနပြု ဆောင်ရွက်နေမှု ၊ ရွှေမြို့မွေးမြူရေးဇုန်တွင် မြေသားရေလှောင်တမံ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ရေဆင်း ငါးစခန်းသို့ရောက်ရှိပြီး ငါးမျိုးသားဖောက်ခြင်း၊ ဒေသတွင်းငါးမျိုးများ ဖြန့်ဖြူးခြင်း၊ ငါးမွေးတောင် သူများအား ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်(GAqP) သင်တန်းပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အသားတိုးငါး၊ ငါးရှဉ့်၊ စားဖားမွေးမြူထားရှိမှု ၊ ရွှေဝါငါးကြင်း ဆေးထိုးသားဖောက် မွေးမြူထားရှိမှု တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။

MOALI

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ
ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်
ဈေးကွက်ရရှိစေရန်

စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း

ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်

ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်

တို့ကို လိုက်နာကျင့်သုံးပါ။




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင်တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုအောက် လျော့နည်းနိုင်ပြီးစစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် ငါးရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်မှ လေးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## နေ့အပူချိန်

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် မတ်လပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် အထက်ပိုနိုင်စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည် နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

## မြူအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၂ရက်မှ ၁၈ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ခြောက်ရက်မှ ၁၁ ရက်ခန့်နှင့် နေပြည်တော်၊မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

၂၀၂၄ ခုနှစ် မတ်လအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များ ၁ ပေအထက် မြင့်တက်လာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိ ရေမှတ်များ အထက် မြင့်တက်လာနိုင်ပြီး ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင်ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင်ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဂက်ခန့်၊ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် . ဘားအံမြို့တွင် တစ်ပေ ခန့်၊ ငဝန်မြစ်ရေသည်ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီးမြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်နှင့် သောင်ရင်းမြစ်ရေသည်မြဝတီမြို့တွင် ပေဂက်ခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

Agribiz News www.agribiznews.com.mm သတင်း
THE AGRIBIZNEWS

**တာဝန်ခံအယ်ဒီတာ**
ထွန်းသက်ပိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း(မြဲ-၀၀၄၁၀)

**လိပ်စာ**
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်

မျက်နှာဖုံးမှ

နိုင်ခြင်း ၊ ကြံပင်အဖျားပိုင်း အရွက်နှင့်အပွင့်များကိုအမှုန့်များအဖြစ်ကြိတ်ချေပြီး စိုက်ခင်းအတွင်း သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ နောက်ဆက်တွဲ ရှင်းလင်းရမှု မလိုအပ်ခြင်း၊ ကြံကို အဆစ်အပိုင်းများအဖြစ် ဖြတ်တောက် ခုတ်သိမ်းခြင်းဖြစ်၍ ကြံသယ်ယာဉ်တစ်စီးချင်းအနေဖြင့် ပိုမိုတင်ဆောင် သယ်ယူနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကြောင့် တောင်သူများနှင့် လုပ်ငန်းရှင်များ အထူးနှစ်သက်လျက်ရှိကြောင်း သိရသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် တို့သည် ဟဲဟိုးမျိုးသန့်ခြံနှင့် အောင်ပန်း ဒေသသုတေသနဖွံ့ဖြိုးရေးစခန်းများ၏ လုပ်ငန်းများ၊ အောင်ပန်းခြံအတွင်း စိုက်ပျိုးထားရှိသောတရုတ် ၊ ဩစတေးလျ နှင့် မက္ကဆီကို ဂျုံမျိုး စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြ၍ နိုင်ငံတော်၏ လိုလားချက်ရည်မှန်းချက်များ၊ ဒေသ ရေမြေရာသီဥတုနှင့်ကိုက်ညီမည့် သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့နယ်ရှိ ပုဂ္ဂလိကပိုင် စပျစ်စိုက်ခင်း များ ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးမြေများကို တည်ဆဲလယ်ယာမြေဥပဒေများနှင့်အညီ အသုံးပြုနိုင်ရေး၊ ဈေးကွက်အလားအလာ နှင့် ကုန်ချောထုတ်လုပ်ရောင်းချနိုင်မှု အခွင့် အလမ်းများကို စပျစ်စိုက်တောင်သူများနှင့် ခင်မင်ရင်းနှီးစွာဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် တောင်ကြီးမြို့၌ ရောက်ရှိနေစဉ် ပြည်နယ်စိုက်ပျိုးရေးဦးစီး ဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ လယ်ယာကဏ္ဍ ဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ စားရေရိက္ခာဖူလုံရေး ၊ ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ နှင့် ပတ်သက်၍ ဆွေးနွေး ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံဝန်ထမ်းများသက်သာ ချောင်ချိရေး၊ ကျန်းမာရေး ဆိုင်ရာ လိုအပ်ချက်များအပေါ် တာဝန်ရှိသူအဆင့်ဆင့်က စီမံဆောင်ရွက်ပေးရန် ၊ နိုင်ငံ့ဝန်ထမ်း ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်နှင့် ဝန်ကြီးဌာန ၊ သက်ဆိုင်ရာ ဦးစီးဌာနများအပေါ် သစ္စာစောင့်သိပြီး တာဝန်ဝတ္တရားများ ကျေပွန်စွာ ဆောင်ရွက်ကြရန်နှင့် စည်းလုံးညီညွတ်သော ဝန်ထမ်းမိသားစု အသိုက်အဝန်းအဖြစ် ကျင့်ကြံနေထိုင်ကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOALI

Agribiz News www.agribiznews.com.mm



# ၂၆ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ၊ စိုက်ပျိုးရေးတက္ကသိုလ်တွင် နေကြာမျိုးရွေးချယ်ခြင်းနှင့် မျိုးမြှင့်တင်ခြင်း လက်တွေ့သင်ယူနိုင်ရေး စီစဉ်

နေပြည်တော်၊ ဖေဖော်ဝါရီ ၂၄

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် တောင်သူဝင်ငွေတိုးတက်ရေးအတွက် နည်းပညာနှင့် အကူအညီများ ပံ့ပိုးပေးလျက် ရှိသော်လည်း စိုက်ပျိုးမွေးမြူထုတ်လုပ်မှုဆိုင်ရာ လက်တွေ့ဆုံး ဖြတ်ဆောင်ရွက်ချက်များသည် တောင်သူကြီးများကိုယ်တိုင် ဆုံးဖြတ်ဆောင်ရွက်ရခြင်းဖြစ် ၍မှန်ကန်သောရွေးချယ်မှုနှင့် ဆုံးဖြတ်ဆောင်ရွက်မှုဖြစ်ရန် လယ်ယာကုန်ထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများကို နီးနှောဖလှယ်နိုင်ရေး နှင့် အခက်အခဲ ပြဿနာများကို အကောင်းဆုံးကျော်ဖြတ်နိုင်မည့်နည်းလမ်းများ ညှိနှိုင်းအဖြေရှာဖော်ထုတ်နိုင်ကြစေရန် သုတေသီများနှင့် တောင်သူလယ်သမားများ ပါဝင်သော တောင်သူနည်းပညာဆွေးနွေးပွဲများ (Farmers' Technical Forum) ကို အပတ်စဉ်စနေနေ့တိုင်း ကျင်းပပြုလုပ်ပေးလျက်ရှိရာ ၂၆ ကြိမ်မြောက် ဆွေးနွေးပွဲကို ဖေဖော်ဝါ ရီ ၂၄ ရက်နေ့ နံနက်ပိုင်းက ရေဆင်း စိုက်ပျိုးရေးသုတေသဦးစီး ဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားရာ၌ မွေးမြူရေး လုပ်ငန်းများအနက် ဆိတ်မွေးမြူရေးလုပ်ငန်းသည် ကျေးလက်နေ ပြည်သူများအတွက် အရင်းအနှီးအနည်းဆုံး နှင့် မိသားစုဝင်ငွေ ရရှိစေသည့် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ ဆိတ်၏ သဘာဝအရ အကြမ်းခံနိုင်ပြီး အစာမရွေးစားသောက်တတ်သဖြင့် စားကျက် ဒေသမရွေး ကောင်းစွာ မွေးမြူနိုင်ကြောင်း၊ မျိုးအောင်မြင်မှုနှုန်း ကောင်းမွန်၍ ကောင်းရေ တိုးပွားနှုန်းလည်း အလွန်မြင့်မားသဖြင့် ကျေးလက်နေပြည်သူများအတွက် အာမခံချက်ရှိသည့် ဝင်ငွေရလုပ်ငန်းဖြစ်သော်လည်း ၂၀၂၂ ခုနှစ်စာရင်းဇယားများအရ သိုး ဆိတ် ကောင်ရေ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊

ယနေ့ဆွေးနွေးပွဲတွင် သိုးဆိတ်များတွင်ဖြစ်တတ်သည့် ကူးစက်ရောဂါများ၊ ကပ်ပါးရောဂါများကို စနစ်တကျကာကွယ်ပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းတစ်ခု အဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ကြရေးအတွက် ပညာရှင်များနှင့် တောင်သူများ အကောင်းဆုံး နီးနှောဖလှယ် ဆွေးနွေးကြပြီး မွေးမြူရေးတောင်သူများ၏အကျိုးစီးပွားဖြစ်ထွန်းရေး၊ အသားထုတ်လုပ်မှုကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်နိုင်ရေး ကြိုးပမ်းသွားကြရန် တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က မွေးမြူရေးလုပ်ငန်းများသည် သီးနှံစိုက်ပျိုးရေးကို တန်ဖိုးမြှင့်တင်ပေးသည့်ကွင်းဆက် ဖြစ်၍ မွေးမြူရေးပညာရှင်များနှင့် စိုက်ပျိုးရေးသုနေသီများ ပူးပေါင်းကြိုးပမ်းရန် လိုအပ်ချက်များ၊ လူစာသာမက မွေးမြူရေးအတွက် တိရစ္ဆာန်စာစိုက်ပျိုးထုတ်လုပ်ပေးနိုင်မည့် သုတေသနများတိုးချဲ့ဆောင်ရွက်ရန်၊ တောင်သူမိသားစုများ အိမ်တိုင်းတွင် သီးနှံစိုက်ပျိုးခြင်းနှင့်အတူ မွေးမြူရေးကိုတွဲဖက်လုပ်ကိုင်သင့်ကြောင်း နှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကွင်းဆက်၏ အရေးပါမှု၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး ကြိုးပမ်းရာတွင် တောင်သူနှင့်ပညာရှင်ကြား ကွပ်လပ်မရှိ ထိတွေ့ရန်လိုအပ်ချက်များ၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၏ အရည် အသွေးပိုမို ကောင်းမွန်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေး မှာကြားသည်။

ဇေယျာသီရိမြို့နယ်မှ တောင်သူများ ၇၀ ဦးခန့်တက်ရောက်သည့် အဆိုပါဆွေးနွေးပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်သက်စိုးက သိုး၊ ဆိတ်မွေးမြူရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွေးမြူရေးသုတေသနဦးစီးဌာနမှ ဒေါက်တာဆောဘောမ်က သိုး၊ ဆိတ် မွေးမြူရေး နှင့် ကပ်ပါးရောဂါအန္တရာယ်ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး တောင်သူများ၏ မေးမြန်းချက် တင်ပြချက်နှင့် လိုအပ်ချက်များကို ဒုတိယဝန်ကြီးများ ဌာနဆိုင်ရာတာဝန်ရှိသူများ က ဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းကလည်း ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် လက်တွေ့စိုက်ကွင်းတွင် ဆောင်ရွက်ထားရှိသည့် ဆင်းရွှေကြာ ၂ နေကြာမျိုးကို ဖီနိုတစ်ပစ် ရီကားရင့်မက်စ်ဆလက်ရှင်(Phenotypic Recurrent Mass Selection)နည်းဖြင့် မျိုးမြှင့်တင်ခြင်း ဆောင်ရွက်မှုများအား ကွင်းဆင်းကြည့်ရှုပြီး နေကြာပန်းခိုင်အရွယ်အစား၊ ပန်းခိုင်တစ်ခုတွင်ပါဝင်သည့် အောင်မြင်သော အစေ့အရေအတွက်၊ ပင်စည်၏ တောင့်တင်းခိုင်မာမှု အစရှိသည့် ရုပ်သွင်ပြင် လက္ခဏာများကို အခြေခံ၍ မျိုးရွေးချယ်ခြင်း နည်းလမ်းများနှင့်ပတ်သက်၍ ဘွဲ့ကြို ဘွဲ့လွန် သင်တန်းသားများအား ရှင်းလင်းပြောကြားသည်။

ဘွဲ့ကြို ဘွဲ့လွန် သင်တန်းသားများအား ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် သီးနှံ မျိုးဗီဇနှင့် မျိုးကူးစပ်မွေးမြူရေးပညာရပ်တွင် လူသားအရင်းအမြစ်များထွန်းကားလာစေရန် များစွာအရေးကြီးကြောင်း၊ လယ်ယာအခြေခံကုန်ထုတ်လုပ်ငန်းများကို လုပ်ဆောင်ရာတွင် မိမိတို့တွင် ရှိနှင့်ပြီး နည်းပညာရပ်များကို အသုံးချရန်လိုကြောင်း၊ တောင်သူလယ်သမားများအတွက် ရေရှည် တွင် အခက်အခဲကြုံစေနိုင်မည့် နိုင်ငံခြားမျိုးနှင့် နည်းစနစ်များကို ကျယ်ပြန့်စွာမစမ်းသပ်ပဲ တင်သွင်းအသုံးပြုမှု မဆောင်ရွက်သင့်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဘွဲ့လွန်ဒီဂရီများ အတွက် ပညာသင်များစေလွှတ်ပေးလျက်ရှိကြောင်း၊ ထိုက်သင့်သည့် လူ့စွမ်းအားအရင်းအမြစ်များရှိပြီးဖြစ်၍ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ပညာသင်ယူလျက်ရှိကြသော ဘွဲ့ကြို ဘွဲ့လွန် သင်တန်း သားများအနေဖြင့် သဘာဝအတိုင်း ပင်ခြားဝတ်မှုန်ကူးသည့် နေကြာသီးနှံကို မျိုးရွေးချယ်ခြင်းနှင့် မျိုးမြှင့်တင်ခြင်း ဆောင်ရွက်မှုများအား လက်တွေ့သင်ယူ လေ့လာနိုင်ကြစေရန်ရည်ရွယ်ပြီး လက်တွေ့သရုပ်ပြမျိုးရွေးချယ်ခြင်းကို ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ဦးဆောင်၍ ဆရာဆရာမများဘွဲ့ကြိုဘွဲ့လွန် သင်တန်းသားများက ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။

MOALI

# စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းခွင်သင်တန်း အမှတ်စဉ် (၂/ ၂၀၂၃ – ၂၀၂၄) ရေဆင်းသင်တန်းကျောင်းတွင်ဖွင့်လှစ်



နေပြည်တော်၊ ဖေဖော်ဝါရီ ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (လုပ်ငန်းခွင်) သင်တန်း အမှတ်စဉ် (၂ /၂၀၂၃ -၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စက်မှုလယ်ယာ သင်တန်းကျောင်း၌ ကျင်းပြုလုပ်ရာ အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် က တိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်၊ စက်ပြင် အလုပ်ရုံ၊ သုတေသန အလုပ်ရုံ နှင့် အဖွဲ့အစည်းအသီးသီးမှ စက်မှုလယ်ယာ လက်ထောက်ညွှန်ကြားရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေပြီး လယ်ယာကဏ္ဍတွင်လက်မှုလယ်ယာ စနစ်မှစက်မှုလယ်ယာစနစ်သို့ အပြည့်အဝကူးပြောင်းနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယခုသင်တန်း၌ ပို့ချဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ နည်းပညာမြင့်မားသော လယ်ယာသုံးစက်ကိရိယာများ ခေတ်နှင့်အညီ သုံးစွဲလာနိုင်စေရေး ပညာပေးစည်းရုံးဆောင်ရွက်နိုင်စေရန်၊ လုပ်ငန်းခွင်ကြုံတွေ့နေရမှုများ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးအဖြေရှာ ပြုပြင်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ မိမိတို့ ရေ၊ မြေ၊ သဘာဝနှင့် ကိုက်ညီသော လယ်ယာသုံး စက်ကိရိယာများတိုးတက်ထုတ်လုပ် သုံးစွဲနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်သူများအနေဖြင့် စဉ်ဆက်မပြတ် လေ့လာတီထွင် ဆောင် ရွက်နိုင်ရန် လိုအပ်ချက်များကို ကြိုးပမ်းပေးကြရန်လိုအပ်ကြောင်း၊ တောင်သူများ လက်ဝယ်တွင် ရှိသည့် လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ အသုံးပြုနိုင်စေရေးနှင့် ပြုပြင် ထိန်းသိမ်းနည်းစနစ်များ လေ့ကျင့်ပေးခြင်းများကို တိုးချဲ့ ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများ ပါဝင်သည့် စနစ်ကျလယ်ယာမြေများ တိုးတက်ဖော်ထုတ်အသုံးပြုနိုင်ရေး နှင့် ထွန်ယက်စိုက်ပျိုးသည် မှ ရိတ်သိမ်းခြွေလှေ့သိုလှောင်သည်အထိ လယ်ယာဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးကို နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်ချက်များ မိမိဝန်ကြီးဌာန၏ မူဝါဒ ရည်မှန်းချက်များ နှင့်အညီ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သီးနှံစုံမျိုးစေ့ချကိရိယာများ၊ အာလူးစိုက်စက်၊ အာလူးဖော်ကိရိယာနှင့် ရိုးပြတ်ဖြတ်ကိရိယာများ ကြည့်ရှုစစ်ဆေးပြီး တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် လွယ်လင့်တကူအသုံးပြုနိုင်ရေး အတွက် စီစဉ် ဆောင်ရွက်ရန်၊ လက်တွေ့သုတေသန ဆောင်ရွက်၍ ဆက်လက်တီထွင် ထုတ်လုပ်ကြရန် ဆွေးနွေးမှာကြားသည်။

ဖေဖော်ဝါရီ ၁၃ ရက်နေ့မှ ၂၃ ရက်အထိ ဖွင့်လှစ်ပို့ချသည့် အဆိုပါသင်တန်းတွင် ခရိုင်ဦးစီးဌာနမှူး၊ အလတ်စားစက်ပြင်အလုပ်ရုံမှူးများအပါအဝင် စုစုပေါင်း သင်တန်း သား ၂၅ ဦးတို့ကို စက်မှုလယ်ယာစနစ်ကူးပြောင်းရေး လုပ်ငန်းစဉ်များ၊ နည်းပညာမြင့် စက်ကိရိယာများ၏ အသုံးဝင်မှု၊ လယ်ယာလုပ်သားရှားပါးလာမှုကို ကျော်လွှားနိုင်ရေး ၊ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး တို့အတွက် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုနိုင်ရေး၊ ဌာနဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ ဥပဒေများ၊ ညွှန်ကြားချက်များကို ပိုမိုရှင်းလင်းစွာ သိရှိနားလည်ပြီး လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေး ပို့ချဆွေးနွေး ဆောင်ရွက်သွား မည်ဖြစ် ကြောင်း သတင်းရရှိသည်။ MOALI



# ဗီယက်နမ်နိုင်ငံ၏ အေးခဲအုန်းရည်ထုတ်ကုန်များနှင့်ပတ်သက်၍ သတိပေးချက် တရုတ် ထုတ်ပြန်

ဗီယက်နမ်နိုင်ငံမှ တင်သွင်းလာသည့် အေးခဲထားသော အုန်းရည် ထုတ်ကုန်များတွင် coliform bacteria၊ တဆေးနှင့် မှိုများ ပါဝင်မှုအဆင့်သည် တရုတ်နိုင်ငံ၏ အစားအစာဘေးကင်း လုံခြုံရေးသတ်မှတ်ချက်များထက် ပိုမိုနေသည်ကို တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs of China -GACC)မှ စစ်ဆေးတွေ့ရှိခဲ့ ကြောင်း ဗီယက်နမ်မီဒီယာများ၏ ဖော်ပြချက်အရ သိရှိရသည်။

အဆိုပါပြဿနာများ၏မူလဇစ်မြစ်မှာ ကုမ္ပဏီများမှ အကောင်အထည်ဖော်သည့် အစားအစာဘေးကင်းမှု ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကြောင့်ဖြစ်ကြောင်း GACC က ထောက်ပြခဲ့ပြီး လိုအပ်ပါက အဆိုပါကုမ္ပဏီများကို အွန်လိုင်းစစ်ဆေးခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်းနှင့် တရုတ်အစိုးရကလည်း ဗီယက်နမ်အာဏာပိုင်များအနေဖြင့် ၎င်းတို့၏ ကုမ္ပဏီများကို စစ်ဆေးမှုများ ပိုမိုလုပ် ဆောင်ပေးရန် တောင်းဆိုထားကြောင်း သိရှိရသည်။

ဗီယက်နမ်အမျိုးသားစိုက်ပျိုးရေးစီမံကိန်းနှင့် ခန့်မှန်းရေးအဖွဲ့၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံ၏ အုန်းပင်စိုက်ပျိုးဧရိယာသည် ယခုအခါ ဟက်တာ ၁ ဒသမ ၈၈ သိန်းကျော်ရှိကြောင်း၊ ဗီယက်နမ်တွင် အထင်ရှားဆုံး အုန်းသီးထွက်ရှိရာ ဒေသဖြစ်သည့် Ben Tre ပြည်နယ်တွင် စိုက်ပျိုး ဧရိယာမှာ ခန့်မှန်းခြေအားဖြင့် ဟက်တာ ၇၈,၀၀၀ ရှိပြီး နှစ်စဉ် အုန်းသီးအလုံးရေ သန်း ၈၀၀ နီးပါး ထုတ်လုပ်နိုင်ပြီး နှစ်စဉ် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရရှိကြောင်း၊ အုန်းသီး ထုတ်ကုန်များသည် အဆိုပါပြည်နယ်၏ စက်မှုထုတ်လုပ်မှုတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းနှင့် စုစုပေါင်း ပို့ကုန် တန်ဖိုး၏ ၂၅ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

လက်ရှိတွင် ဗီယက်နမ်မှ လတ်ဆတ်သော အုန်းသီးများကို အသေးစားနယ်စပ်ကုန်သွယ်ရေးအစီအစဉ်များဖြင့် သာ တင်သွင်းနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် GACC သည် ဗီယက်နမ်ရှိ အုန်းခြံများကို စစ်ဆေးရန် ဝန်ထမ်းများကို စေလွှတ်ခဲ့ကြောင်း၊ လတ်ဆတ်သောအုန်းသီး၊ အေးခဲထားသော သစ်သီးထုတ်ကုန် များ၊ ရှောက်သံပရာနွယ်ဝင်အသီးများ ၊ ထောပတ်သီး၊ သကြားပန်းသီး၊ ဖယောင်း ပန်းသီး၊ ကြက်/ဝက်နှင့် မွေးမြူရေးထွက်ကုန်များ အပါအဝင် ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်အမျိုးမျိုးအတွက် ဈေးကွက်ရရှိရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ မြှင့်တင်သွားမည်ဟု ၂၀၂၃ ခုနှစ်ကုန်တွင် နှစ်နိုင်ငံ အစိုးရများက ပူးတွဲထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

ဗီယက်နမ်အုန်းသီးများအတွက် တရုတ်ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၂၀၂၄ ခုနှစ်တွင် ပြီးစီးရန် မျှော်လင့်ထားသဖြင့် ဗီယက်နမ်အုန်းသီးအသင်းသည် ယခုနှစ် အတွက် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိရန် ရည်မှန်းချက် ချမှတ်ထားကြောင်း၊ အသင်း၏ အဆိုအရ ဗီယက်နမ်ရှိ လုပ်ငန်းပေါင်း ၂၀ ခန့်သည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံနှင့်ဒေသ ၃၅ ခုသို့ အုန်းသီးတင်ပို့ရန် အရည်အချင်းပြည့်မီကြောင်းနှင့် အမေရိကန်နှင့် တရုတ်ဈေးကွက်များသို့ အုန်းသီးများ မကြာမီတင်ပို့နိုင်မည်ဖြစ်ရာ လုပ်ငန်းရှင်များသည် ကမ္ဘာ့ဈေးကွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ၎င်းတို့၏ အုန်းသီးစိုက်ပျိုးဧရိယာများကို တက်ကြွစွာတိုးချဲ့ကာ စိုက်ပျိုးဧရိယာကုတ်နံပါတ်များကို မှတ်ပုံတင်လျက်ရှိကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်

https://www.producereport.com/article/china-issues-warnings-over-vietna mese-frozen-coconut-juice-products






# ၂၀၂၃ ခုနှစ်အတွင်း တောင်ကိုရီးယားသို့ ပြည်ပအေးခဲသစ်သီးတင်သွင်းမှု မြင့်မားခဲ့

၂၀၂၃ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံတွင် သစ်သီးဈေးနှုန်းများ မြင့်မားခဲ့သည့်အတွက် ပြည်ပမှအေးခဲသစ်သီးများ တင်သွင်းမှု မှတ်တမ်းတင်ဖွယ် မြင့်မားခဲ့သည်ဟု တောင်ကိုရီးယား နိုင်ငံ၊ ကျေးလက်ဒေသစီးပွားရေး တက္ကသိုလ် (Korea Rural Economic Institute) က ထုတ်ပြန်ခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း ပြည်ပမှ အေးခဲသစ်သီးတင်သွင်းမှုသည် ၆ ရာခိုင်နှုန်းမြင့်မားလာခဲ့ပြီး တန်ချိန် ၆၄,၀၀၀ အထိရောက်ရှိခဲ့ကြောင်း၊ ပြည်တွင်းထွက်သစ်သီးများရောင်းလိုအား လျော့ကျပြီး ဈေးနှုန်းမြင့်မားမှုရာခိုင်နှုန်း ကြီးမြင့်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ စားသုံးသူများတတ်နိုင်သည့် ဈေးနှုန်းတွင်ရှိနေသည့် အေးခဲသစ်သီးများကိုဝယ်လိုအားမြင့်မားလာသည့်အတွက် ဝယ်ယူတင်သွင်းမှု မြင့်မားရခြင်းဖြစ်ကြောင်း Korea Rural Economic Institute ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြည်တွင်း၌ထွက်ရှိသော သစ်သီးများအနက် ပန်းသီးဈေးနှုန်းသည် ၂၄ ဒသမ ၂ ရာခိုင်နှုန်း မြင့်မားလာခဲ့ပြီး လိမ္မော်သီးဈေးနှုန်းသည် ၁၉ ဒသမ ၁ ရာခိုင်နှုန်း မြင့်မားလာခဲ့ကြောင်း၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းထွက်ကုန်များ ဈေးနှုန်းသည်လည်း ၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်မားခဲ့ကြောင်း Korea Rural Economic Institute ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ Institute က ၂၀၂၃ ဒီဇင်ဘာတွင် စားသုံးသူဦးရေ ၅၀၀ ကို စစ်တမ်းကောက် ယူခဲ့မှုအရ ၃၈ ရာခိုင်နှုန်းသော စားသုံးသူများသည် အေးခဲသစ်သီးများကို ကြာရှည်ခံ ထိန်းသိမ်းထား ရန်လွယ်ကူသည့်အတွက် ဝယ်ယူခြင်းဖြစ်ကြောင်း ဖြေကြားခဲ့ကြပြီး ၂၂ ရာခိုင်နှုန်းသော စားသုံးသူ များကမူ ဈေးနှုန်းပိုမိုသက်သာသည့်အတွက် ဝယ်ယူခြင်းဖြစ်ကြောင်း ဖြေကြားခဲ့သည်။ အေးခဲသစ် သီးများအနက် အေးခဲဘလူးဘယ်ရီသီးကို နှစ်သက်သူ ၃၀ ရာခိုင်နှုန်းရှိပြီး အေးခဲသရက်သီး နှစ်သက် သူ ၂၂ ရာခိုင်နှုန်းရှိကြောင်း Korea Rural Economic Institute ၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ပပ

https://www.koreatimes.co.kr/www/biz/2024/02/175_368971.html

Agribiz News www.agribiznews.com.mm

မှ

ePaper များကို

ရယူလိုက်ပါ

www.agribiznews.com.mm

# သီးနှံအထွက်တိုးတက်ရေးအပြင် အရည်အသွေးနှင့် ဝယ်လိုအားကို ထည့်သွင်းတွက်ချက်ရန် လိုအပ်



ပြည်ထောင်စုဝန်ကြီး နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့ ဟဲဟိုးမြို့ ဥသာကံကျေးရွာရှိ မျိုးအာလူးအအေးခန်း သိုလှောင်ရုံကို ကြည့်ရှုစစ်ဆေးစဉ်

နေပြည်တော်၊ ဖေဖော်ဝါရီ ၂၂

**စိုက်**ပျိုးရေး၊မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဖေဖော်ဝါ ရီ ၂၁ ရက် နံနက်ပိုင်းတွင် မန္တလေး တိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ယာသီးနှံသုတေသန ဌာနခွဲ စီပင်ခြံ ၏ သုတေသန လုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ တာဝန်ရှိ သူများက ဆီထွက်သီးနှံနေကြာ ဆင်းရှေကြာ-၂ ၊ ပဲတီစိမ်း၊ ပဲစင်းငုံ အပါအဝင် သီးနှံ ၁၁ မျိုး ၏ သုတေသန၊ ထုတ် လုပ်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင် ရွက်ချက်များကိုရှင်းလင်းတင်ပြ သည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း မျိုးသစ်ထုတ်လုပ်ခြင်း နှင့် မျိုးသန့်မျိုးပွားဖြန့်ဖြူးခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်းတိုးတက်ရေး အပြင် စားသုံးမှုအရည်အသွေးနှင့် ဈေးကွက်ဝယ်လိုအားကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးသည် သာစည်မြို့နယ်ရှိ ဟင်းသီးဟင်း ရွက်နှင့် သစ်သီးဝလံဖွံ့ဖြိုးရေးဌာန(VFDC)၊ လှိုင်းတက်ခြံ၏ ဟင်းသီးဟင်းရွက် ရာသီသီးနှံ မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း ၊ ခြံတာဝန်ခံနှင့် တာဝန်ရှိသူများက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း ဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး က ဒေသနှင့် ကိုက်ညီပြီး စီးပွားရေးတွက်ခြေကိုက်သော သီးနှံမျိုးကောင်း၊ မျိုးသန့် မျိုးစေ့၊ ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း နှင့် နည်းပညာပေးလုပ်ငန်းများ တစ်ပြိုင်တည်းဆောင်ရွက်ရန်၊ ဟင်းအဖြစ်ချက်ပြုတ်စားသောက်နိုင်သော ဟင်းသီးဟင်းရွက်များကို ဦးစားပေးထုတ်လုပ်ရန်၊ တောင်သူများ၏ သဘောထားမှတ်ချက်ကိုရယူ၍ အပူပိုင်းဒေသနှင့် ကိုက်ညီ ဖြစ်ထွန်းစေမည့် သီးနှံအမယ်များကို ရွေးချယ်ပြီး မျိုးသန့်မျိုးပွားထုတ်လုပ်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာနပိုင် စက်ရုံအား Dagon Foods Co.,Ltd က ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး ပြီး စက်ရုံအတွက် ကုန်ကြမ်းရရှိမှု၊ ကုန်ချောထုတ်လုပ်ရောင်းချနိုင်မှုနှင့် ဈေးကွက် အခြေအနေတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး က နိုင်ငံတော်ပိုင် မြေနေရာ အဆောက်အအုံများကို စနစ်တကျ အသုံးပြုရန် လိုအပ်ချက်များ၊ ဝန်ကြီးဌာန အနေဖြင့် တည်ဆဲ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ပုဂ္ဂလိကကဏ္ဍ၏ လိုအပ်ချက်များကူညီ ဖြည့်ဆည်းပေးနေမှုများကို ရှင်းလင်းပြောကြားပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထိုမှတဆင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အတူ ဟဲဟိုးမြို့ ဥသာကံကျေးရွာရှိ မျိုးအာလူးအအေးခန်းသိုလှောင်ရုံကို ကြည့်ရှုစစ်ဆေးရာ ဟဲဟိုးအာလူးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ တာဝန်ရှိသူများက မျိုးအာလူးများစုဆောင်းသိုလှောင်မှုနှင့် အာလူးသိုလှောင်ရာသီမတိုင်မီ ကြားကာလများတွင် ချင်း ( ဂျင်း ) မျိုးများစမ်းသပ်သိုလှောင် ထားရှိမှု ၊ ဒေသ၏ အာလူးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန တာဝန်ရှိသူများက မြန်မာနိုင်ငံ တွင် အာလူးအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ရှမ်းပြည်နယ်၏ အာလူးစိုက်ပျိုး ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် မျိုးအာလူးများထုတ်လုပ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး က စားဖိုဆောင်သီးနှံ ဖြစ်သည့် အာလူးကို မုန့်ပဲသရေစာနှင့် အခြားသောစားသောက်ကုန်ချောများအဖြစ် တွင်ကျယ်စွာ အသုံးပြုနေခြင်း ကြောင့် ဈေးကွက်သေချာပြီး အရေးပါသော စိုက်ပျိုးရေးထွက်ကုန် တစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးသည့် ဒေသအလိုက် စိုက်ပျိုးချိန် တူးဖော်သိမ်းဆည်းချိန် မတူညီနိုင်မှုကို တောင်သူ များ အလေးဂရုပြုနိုင်ကြရန် နှင့် နည်းပညာပိုင်းအရ လိုက်နာဆောင်ရွက်ရမည့် အချက်များကို စနစ်တကျဖြန့်ဝေပေးရန် လိုအပ်ကြောင်း၊ အလားတူ မျိုးအာလူးများထုတ်လုပ်ရာတွင်လည်း ရောဂါဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းရန် လိုအပ်သကဲ့သို့ ကြော်အားလူး ချက်အာလူး အမျိုးအစားအလိုက် ဈေးကွက် အကြိုက် စားသုံးမှု အရည်အသွေးကောင်းမွန်ရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဒေသခံတောင်သူများက ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် အာလူးစိုက်ခင်းများနှင့် ကြက်သွန်ဖြူ စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့်ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI

e-Paper ကို
agribiznews.com.mm
တွင်ဖတ်ရှုနိုင်ပါသည်




# ၂၀၂၄ တွင် အိန္ဒိယသကြားထုတ်လုပ်မှုကျဆင်းကာ ကမ္ဘာ့သကြားဈေး မြင့်တက်ဖွယ်ရှိ

အိန္ဒိယနိုင်ငံ၏ သကြားဈေးကွက်သည် ရာသီဥတု ပူပြင်းခြောက်သွေ့မှုပြဿနာနှင့် ရင်ဆိုင် နေရပြီး စုစုပေါင်းသန့်စင်ပြီးသကြားထွက်ရှိမှု ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အစိုးရအနေဖြင့် သကြားအားပြည်ပသို့တင်ပို့မှုကို ဆက်လက်ကန့်သတ်ထားဖွယ်ရှိနေပြီး၊ ယခုနှစ် အစောပိုင်းမှစ၍ ပြည်တွင်းသကြားဈေးနှုန်း ၁၄ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။ အိန္ဒိယအပါအဝင် ကမ္ဘာ့သကြား ထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၌ ယင်းသို့ စိန်ခေါ်မှုအခက် အခဲများနှင့် ရင်ဆိုင်နေရမှုကြောင့် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့သကြား ဈေးနှုန်းများမြင့်တက်ဖွယ်ရှိ ကြောင်း ကမ္ဘာ့ဘဏ်ကခန့်မှန်းထားသည်။

လတ်တလောဖြစ်ပေါ်လျက်ရှိသော သကြားဈေးနှုန်းများမှာ နယူးယောက်ဈေးကွက် (Inter-Continental Exchange) တွင် သကြားကြမ်း (Rraw sugar) ၏ မတ်လကြိုရောင်းဈေးနှုန်း (Future price) မှာ ၁ ပေါင်လျှင် ၂၂ ဒသမ ၈၆ ဆင့် (၁ တန်လျှင် ရူပီး ၄၂,၁၇၅)နှင့် လန်ဒန်ဈေး ကွက် (ICE Futures Europe exchange) တွင် သကြားဖြူ (White sugar) ၏ မတ်လ ကြိုရောင်းဈေးနှုန်း (Future price) မှာ ၁ တန်လျှင် ကန်ဒေါ်လာ ၆၅၂ ဒသမ ၅၀ (၁ တန်လျှင် ရူပီး ၅၄,၁၇၅) ရှိကြောင်း သိရသည်။

ကမ္ဘာ့အများဆုံးသကြားတင်ပို့သည့်နိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံသည် ယခုနှစ်တွင် သကြား ကို စံချိန်တင်ထုတ်လုပ်နိုင်ဖွယ်ရှိသည့်အတွက် ကမ္ဘာ့သကြားဈေးကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ သို့သော် ဘရာဇီးနိုင်ငံ၏ အဓိက သကြား ထုတ်လုပ်ရာ ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုများ ကြုံတွေ့နေရသည့်အတွက် ဈေးကွက်အခြေအနေအပေါ် သက်ရောက်မှုများရှိနိုင်ကြောင်း စိုးရိမ်မှုများရှိနေသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလက ဘရာဇီးနိုင်ငံမှ သကြားတင်ပို့မှုတိုးမြင့်ခဲ့ပြီး၊ အိန္ဒိယနိုင်ငံမှ အီသနော ထုတ်လုပ်မှု၌ ကြံရည်ကို သုံးစွဲခြင်းမပြုရန်တားမြစ်ခဲ့သည့်အတွက် ကမ္ဘာ့သကြားဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့သည်။ သို့သော် အာရှနိုင်ငံအများအပြားတွင် အယ်နီညိုကြောင့် ရာသီဥတု ခြောက်သွေ့ကာ သကြားထုတ်လုပ်မှုလျော့ကျလာသည့်အတွက် ဒီဇင်ဘာလနှောင်းပိုင်းမှစ၍ သကြားဈေးပြန်လည်မြင့်တက်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ဒုတိယ သကြားအများဆုံးထုတ်လုပ်သည့် ထိုင်းနိုင်ငံတွင် သကြား ထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်းအထိကျဆင်းဖွယ်ရှိကာ အိန္ဒိယနိုင်ငံတွင် ၃ ရာခိုင်နှုန်း ကျော်ကျဆင်း ဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

သို့သော် ကမ္ဘာ့သကြားဈေးကွက်တွင် မျှခြေသို့ပြန်လည်ရောက်ရှိကာ ရောင်းလိုအား အနည်းငယ် ပိုလျှံလာဖွယ်ရှိကြောင်း ခန့်မှန်းမှုများရှိနေသည်။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ သကြား ထုတ်လုပ်မှု ကျဆင်းလာမှုကို တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ သကြားတိုးမြင့်ထုတ်လုပ်မှုကကာမိဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ ထို့အပြင် ကမ္ဘာ့သကြားဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ဘရာဇီးနိုင်ငံမှ သကြားစက်ရုံများအနေဖြင့် အီသနောထုတ်လုပ်မည့်အစား သကြားကို အစားထိုး၍ ပိုမိုတိုးမြင့်ထုတ်လုပ်လာဖွယ်ရှိသည်။ ယခုနှစ်တွင် ကမ္ဘာ့သကြားထုတ်လုပ်မှု တန်ချိန် ၁၈၅ ဒသမ ၅ သန်းရှိကာ ယခင်နှစ်ကထက် တန်ချိန် ၈ ဒသမ ၂ သန်းတိုးမြင့်လာဖွယ်ရှိကြောင်း အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန (USDA) က ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ခန့်မှန်းထားသည်။ ဈေးကွက်သုတေသနလုပ်ငန်း တစ်ခုဖြစ်သော BMI ကလည်း ယခုနှစ် ကမ္ဘာ့သကြား ရောင်းလိုအားသည် တန်ချိန် ၁၈၂ သန်းရှိကာ ယခင်နှစ်ကထက် ၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

ယခုနှစ် ကမ္ဘာ့သကြားစားသုံးမှုမှာ တန်ချိန် ၁၈၀ ဒသမ ၄ သန်းရှိကာ ယခင်နှစ်ကထက် ၀ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ဖွယ်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ သကြားစားသုံးမှု ၅ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့် တက်လာဖွယ်ရှိပြီး၊ အခြားသကြားစားသုံးသည့် နိုင်ငံများတွင်မူ ယခင်အတိုင်းပြောင်းလဲဖွယ်မရှိဟု BMI က ခန့်မှန်း ထားသည်။

သို့ပါ၍ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့သကြားဈေးနှုန်းနှင့် စားသုံးမှုတိုးမြင့်လာဖွယ်ရှိကာ အယ်နီညို ရာသီဥတုကြောင့် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ သကြားထုတ်လုပ်တင်ပို့မှုကျဆင်းဖွယ်ရှိပြီး၊ တရုတ် နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ သကြားပိုမိုထုတ်လုပ်တင်ပို့လာဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်အပါအဝင် အဖွဲ့အစည်းများ၏ကမ္ဘာ့သကြားဈေးကွက်ခန့်မှန်းချက်များကို တင်ပြလိုက်ရပါ သည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline သတင်းဌာန၊ "Sugar prices likely to rule lower than 2023 on higher output prospects"၊

# နိုင်ငံအချို့သို့ ကြက်သွန်နီတင်ပို့မှု အိန္ဒိယခွင့်ပြု


အိန္ဒိယနိုင်ငံသည် ပြည်ပရေးရာဝန်ကြီးဌာန၏ထောက်ခံချက်ဖြင့် နိုင်ငံအချို့သို့ အစိုးရ အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုကို အခြေခံပြီး ကြက်သွန်နီတင်ပို့မှုကို ခွင့်ပြုခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မော်ရစ်ရှပ်၊ ဘာရိန်း၊ ဘူတန်နှင့် နီပေါတို့အပါအဝင်နိုင်ငံအချို့သို့ ကြက်သွန်နီများကိုအစိုးရက အကန့်အသတ်ဖြင့်တင်ပို့ခွင့်ပြုထားကြောင်း၊ ကြက်သွန်နီတင်ပို့မှု ကို နှစ်နိုင်ငံဆက်ဆံရေးအတွက် ခွင့်ပြုခြင်းဖြစ်သော်လည်း ကြက်သွန်နီတင်ပို့မှု အလုံးစုံတားမြစ် ချက်ကို ရုပ်သိမ်းရန်ဆုံးဖြတ်ချက်မချရသေးကြောင်း အမည်မဖော်လိုသူ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားထားသည်ဟုသိရသည်။

ကမ္ဘာ့ဒုတိယအကြီးဆုံး ကြက်သွန်တင်ပို့သည့်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ပြည်တွင်းဈေးနှုန်းမြင့်တက်မှုနှင့် ရှားပါးမှုတို့ကြောင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာမှ ၂၀၂၄ ခုနှစ် မတ်လအထိ မီးဖိုချောင်သုံးမရှိမဖြစ်ဖြစ်သည့် ကြက်သွန်နီတင်ပို့မှုကို တားမြစ်ခဲ့ပြီး ယင်းကြောင့် အိမ်နီးချင်း နိုင်ငံများတွင် ကြက်သွန်နီဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ကြက်သွန်နီဈေးနှုန်းများ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် မြင့်တက်လာခြင်းကြောင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် တင်ပို့မှုလျော့ချနိုင်ရန်အတွက် ပို့ကုန်အခွန် ၄၀ ရာခိုင် နှုန်းထိ တိုးမြှင့်ကောက်ခံခဲ့သည်။ သို့ရာတွင် ကုန်သည်များက အရောင်းအဝယ်သဘောတူညီချက် အမှာစာများတွင် တန်ဖိုးလျှော့ဖော်ပြမှုများကြောင့် အကျိုးသက်ရောက်မှု မရရှိခဲ့သဖြင့် အစိုးရ က ကြက်သွန်နီတစ်တန်လျှင် အနည်းဆုံးပို့ကုန်ဈေးနှုန်း ကန်ဒေါ်လာ ၈၀၀ ကို အောက်တိုဘာ ၂၈ ရက်နေ့မှ စတင်သတ်မှတ်ခဲ့သည်ကို တွေ့ရှိရသည်။

ထို့ပြင် မဟာရက်ရှ်ထရာပြည်

စာ-၉ သို့



(၂၀၂၄ ခုနှစ် မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး)

# မြန်မာနိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများ၏ အရေးကြီးသောအခန်းကဏ္ဍ

ဒေါက်တာသိင်္ဂီမြင့်၊ ပါမောက္ခ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်




ကမ္ဘာပေါ်ရှိ လူမျိုးစုတိုင်း၏ အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း အဓိက တာဝန်ဝတ္တရားအတွက် အရေးအကြီးဆုံးမှာ အမျိုးသမီးများဖြစ်ကြသည်။ မြန်မာတို့၏ လူမှုကျင့်ဝတ်များတွင်လည်း စောင့်လေ မျိုးနွယ်သည် အဓိက နေရာတွင်ပါရှိသည်။ မိခင်များ၏ သွန်သင်ဆုံးမမှု ကောင်းလျှင် ကောင်းသည့်အလျောက် အမျိုးသားကောင်း၊ အမျိုးသမီးကောင်းများ ပေါ်ထွက်လာမည် ဖြစ်ပေသည်။ ၁၉၁၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးညီလာခံတွင် နှစ်စဉ် မတ်လ ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးတို့မှာ လုပတင့်တယ်၍ ကျက်သရေရှိသော အသွင်ကိုဆောင်ခြင်းကြောင့် ချစ်ခင်နှစ်သက်ဖွယ်ဖြစ်သလို အမျိုးသမီးများ၏ အခန်းကဏ္ဍမှာလည်း မြင့်မားနေပြီဖြစ်သည်။

ကမ္ဘာပေါ်ရှိ အချို့နိုင်ငံများ၌ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ၊ နှိမ့်ချဘေးဖယ်ထားမှုများ ရှိနေသည်။ မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း Convention on the Elimination of All forms of Discrimination Against Women (CEDAW) ကို လက်မှတ် ရေးထိုးထားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ စီမံကိန်းများ ချမှတ် အကောင်အထည် ဖော်လျက်ရှိပါသည်။ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အဖြစ် အာဆီယံ အမျိုးသမီး ကော်မတီ (ASEAN Committee on Women–ACW) နှင့် အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင် (ASEAN Commission on the Promotion and Protection of the Rights of Women and Children-ACWC) အာဆီယံ ငြိမ်းချမ်းရေး မှတ်ပုံတင် အမျိုးသမီး ကိုယ်စားလှယ် (ASEAN Women for Peace Registry - AWPR) စသည် တို့တွင်လည်း တက်တက်ကြွကြွ အကောင်အထည်ဖော်လျက်ရှိပါသည်။

ကမ္ဘာကြီးတွင် နည်းပညာများ ခေတ်မီတိုးတက်လာခြင်းနှင့်အတူ အမျိုးသမီးများ၏ ကြိုးစားအားထုတ်မှုစွမ်းရည်ကြောင့် လူမှုရေး၊ ပညာရေး ၊ စီးပွားရေး နှင့် နိုင်ငံရေး နယ်ပယ်များတို့အထိ အမျိုးသမီးတို့ ပါဝင်ဆောင်ရွက်လာနိုင်ကြပြီဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းများပေါများလာခြင်းနှင့်အတူ အမျိုးသမီးများသည် အမျိုးသားများ ကဲ့သို့ပင် လုပ်ငန်းခွင်ဝင်နိုင်ကြပြီ ဖြစ်သည်။ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကာကွယ် စောင့်ရှောက်ရေး ၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်များတွင် အမျိုးသမီးများပါဝင်မှုနှုန်းမှာ ယခင်ခေတ်ကာလများကထက် မြင့်မားလာသည်ကို တွေ့ရသည်။ အမျိုးသမီးများကို အမျိုးသားများနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ စွမ်းဆောင်မှု ပညာရပ်ပိုင်းဆိုင်ရာများတွင် တန်းတူရည်တူမျှတစွာ ရှိနေရမည် ဖြစ်သော်လည်း သဘာဝတရားအရအမျိုးသမီးတို့သည်လည်း အမျိုးသမီးတာဝန်၊ အမျိုးသားတို့သည်လည်း အမျိုးသားတာဝန်များမှာ သီးခြားစီ ရှိနေမည်သာဖြစ်သည်။




၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့် အထက် အမျိုးသမီး စာတတ်မြောက်မှုနှုန်းသည် အမျိုးသား စာတတ်မြောက်မှုနှုန်းထက် ခြောက်ရာခိုင်နှုန်း လျော့နည်းပြီး အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အား ပါဝင်မှုနှုန်းတွင်လည်း အမျိုးသမီးလုပ်သား ပါဝင်မှုနှုန်းသည် အမျိုးသားလုပ်သား ပါဝင်မှုနှုန်းထက် အနည်းငယ်လျော့နည်းနေသည်။ အဆိုပါ အချက်အလက်များအရ အမျိုးသမီးများအထူးသဖြင့် အမျိုးသမီးငယ်များ၏လူမှုစီးပွားဘဝအခြေအနေမြင့်မားရေးအတွက်ပညာသင်ကြားတတ်မြောက် ရေးကို မြှင့်တင်ပေး ရန်လိုအပ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် အလုပ်လုပ်နိုင်သည့်အရွယ် အမျိုးသမီးများ၏ စွမ်းရည်များကို မြှင့်တင်ပေး ရန်လိုအပ်သည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွား ရေးကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသမီးများ၏ အခန်းကဏ္ဍသည်လည်း အလေးထား စဉ်းစားရမည်ဖြစ်ပြီး လယ်ယာကဏ္ဍတွင် အမျိုးသမီးများ၏ ပါဝင်နိုင်မှုစွမ်းရည်ကို ပိုမိုမြှင့်တင်ပေးနိုင်သော သုတေသနများ၊ စီမံကိန်းများ၊ ပညာပေးလုပ်ငန်းများနှင့် မူဝါဒများ သည်လည်း ယခုခေတ် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုး

---

စာ-၈ မှ

နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ကြက်သွန်ထွက်ရှိမှု အမြင့်ဆုံးရာသီဖြစ်သည့် နိုဝင်ဘာလတွင် ကျဆင်းခဲ့ပြီး ဈေးနှုန်း များမြင့်တက်ခဲ့မှုကြောင့် ပြည်ပသို့တင်ပို့ရောင်းချမှုကို အစိုးရက ဒီဇင်ဘာ ၈ ရက်နေ့တွင်တားမြစ်မှု ချမှတ်ဆောင်ရွက်ခဲ့သည်။ ယင်းကြောင့် ကြက်သွန်နီဈေးသည် အိန္ဒိယ၏ ကြက်သွန်အဓိကစိုက်ပျိုးသည့်ဒေသဖြစ်သည့် နာရှိခ် လက်ကားဈေးတွင် တစ်ကီလိုလျှင် ၄၀ ရူပီးကျော်ရှိရာမှ ၁၃ ရူပီးခန့်အထိ ကျဆင်းသွားသောကြောင့် တင်ပို့မှု တားမြစ်ချက်ကို ရုတ်သိမ်းပေးရန် ကြက်သွန် စိုက်ပျိုးသူများက နှစ်လကြာ ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း သိရှိရသည်။

ကြက်သွန်နီဈေးနှုန်းများမြင့်တက်ပေးခြင်းသည် စားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ် ပေါ်စေနိုင်ပြီး လအနည်းငယ်အတွင်း ပြုလုပ်ရန်ရှိသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများတွင် အစိုးရအတွက် စိုးရိမ်စရာဖြစ်လာနိုင်ကြောင်း၊ ဖေဖော်ဝါရီ အစောပိုင်းတွင် ဗဟိုအစိုးရ၏ အရာရှိ အဖွဲ့တစ်ဖွဲ့သည် မဟာရက်ရှ်ထရာ ပြည်နယ်ရှိ ကြက်သွန်စိုက်ပျိုးသည့် ဒေသများသို့ သွားရောက်ခဲ့ ကြောင်းနှင့် အဆိုပါအဖွဲ့သည် ပို့ကုန်ပိတ်ပင်မှုနှင့်ပတ်သက်၍ အစိုးရထံ အကြံပြုချက်ပေးနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရှိရသည်။

တစ်ချိန်တည်းတွင်ပင် ပို့ကုန်လုပ်ငန်းရှင်ကြီးအချို့က အစိုးရထံ ပေးပို့သောစာတွင် ကြက် သွန်နီတင်ပို့မှုကို လုံးဝတားမြစ်မည့် အစား အစိုးရကပြည်ပသို့တင်ပို့ခွင့်ကို ကန့်သတ် ခွင့်ပြုသင့် ကြောင်း၊ ပြည်ပသို့တင်ပို့မှုရှိမှသာ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းသိသိသာသာ မြင့်တက်လာမည်ဖြစ်ကြောင်း အကြံပြုထားသည်ကိုတွေ့ရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံက ကြက်သွန်နီကို ပြည်ပနိုင်ငံအချို့သို့ အစိုးရချင်း ညှိနှိုင်း တင်ပို့ခွင့်ပြုနေမှု အခြေအနေ၊ ပြည်တွင်းစားသုံးသူများအတွက် ကြက်သွန်နီ ဈေးနှုန်း ကြီးမြင့်မှုအား ထိန်းချုပ်နိုင်ရန် အစိုးရက မူဝါဒချမှတ် ဆောင်ရွက်ခဲ့ရာတွင် ဈေးနှုန်း များကျဆင်းသွားသော်လည်း တစ်ဖက်တွင် စိုက်ပျိုးသူ တောင်သူများအပေါ်တွင် တန်ပြန်သက်ရောက်မှုများ ရှိခဲ့သဖြင့် အစိုးရအနေဖြင့် ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြလိုက်ရပါသည်။

**မျိုးမြင့်မောင်**

India allows export of onions to select nations, The Economic Times.



# နွားမများ၏ "သားအောင်နိုင်မှု" ကို အကဲဖြတ်သော နည်းလမ်းများ

KMK
(မွေး/သု)

**နွား**မွေးမြူရေးလုပ်ငန်း အောင်မြင်ရန်အတွက် အလွန်အရေးပါသော အချက်မှာ မိမိမွေးမြူထားသော "နွားမများ၏ မျိုးပွားမှုဖြစ်စဉ်များကို မှတ်တမ်းထားရှိခြင်း" ဖြစ်ပါသည်။ မှတ်တမ်းတွင် နွားမများ၏နံပါတ်၊ နောက်ဆုံးမွေးခဲ့သောရက်စွဲ၊ နောက်ထပ်သားစပ်သောရက်စွဲများ အပါအဝင် သန္ဓေသားရှိ၊ မရှိ စစ်ဆေးမှုရလဒ်များ ပါဝင်ရပါမည်။ ထိုသို့ မှတ်တမ်းထားရှိသည့်အတွက် နွားမ တစ်ကောင်ချင်းစီအတွက် ဆုံးဖြတ်ချက်ချ ကိုင်တွယ်ဖြေရှင်းရသည့်အခါတွင်သာမက နွားခြံ တစ်ခြံလုံးရှိ နွားမများ၏ သားအောင်နိုင်မှုအခြေအနေ (Fertility Status) နှင့် မျိုးပွားနိုင်မှု စွမ်းပကား (Reproductive Performance)များကို စောင့်ကြည့်သည့်အခါတွင်လည်း များစွာ အကျိုးရှိပါသည်။ နွားမများ၏ သားအောင်နိုင်မှုအခြေအနေကို အကဲဖြတ်ရာတွင် လက်ကိုင်ထားရ မည်မှာ "နွားမ တစ်ကောင်သည် တစ်နှစ်လျှင် တစ်သား မွေးနိုင်ရမည်" ဟူသော စံနှုန်းဖြစ်ပါသည်။

အရွယ်ရောက်ပြီးနွားမများသည် ရာသီမရွေး မြိုင်လာသော တိရစ္ဆာန်များဖြစ်ကြပါသည်။ ၎င်း "မြိုင်လာချိန်" တွင် သားစပ်ပေးရသည့် အတွက် "သားတောင်းချိန်" ဟုလည်း သုံးစွဲကြပါသည်။ မျိုးအောင်ရန်အတွက်ဆိုလျှင် နွားမများ၏ မြိုင်လာချိန်ကို မလွတ်တမ်းစောင့်ကြည့်ပြီး သဘာဝနည်းအတိုင်း နွားထီးနှင့်သားစပ်ပေးနိုင်သကဲ့သို့ နွားထီး၏မျိုးရည်ချောင်းကိုသုံး၍ မေထုန်မဲ့နည်းဖြင့်လည်း သားစပ်ပေးနိုင်ပါသည်။ နွားမများ မြိုင်လာ/မလာကို အကဲဖြတ်နိုင်သောနည်းလမ်း များစွာရှိသည့်အနက် အရိုးရှင်းဆုံးနှင့် ငွေကုန်ကျေးကျ အသက်သာဆုံးနည်းလမ်းတစ်ခုမှာ မြိုင်ကာလတွင် ပြသော **"မြိုင်လက္ခဏာများ"** (Oestrus Behaviours) ကို ကြည့်၍ အကဲဖြတ်သောနည်းဖြစ် သည်။ မြိုင်လာနေသောနွားမများတွင် တွေ့ရလေ့ရှိသောလက္ခဏာများမှာ အစားအသောက်ပျက်ခြင်း၊ အုပ်စုမှခွဲထွက်နေတတ်ခြင်း၊ တင်ပါးပိုင်းကို အနီးအနားရှိ ပွတ်တိုက်စရာများတွင်ပွတ်တိုက်နေခြင်း၊အမြီးကိုမြှောက်ထားလေ့ရှိခြင်း၊မကြာခဏဆီးသွားခြင်း၊ ကြောက်ရွံ့ထိတ်လန့်နေခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ ရန်လိုနေခြင်း၊ အတူနေနွားမများအပေါ် နွားသိုးကဲ့သို့တက်ခြင်း၊ ၎င်းအပေါ် တက်ပါကလည်းငြိမ်နေခြင်း၊ နို့ပေးနွားမများတွင် နို့ထွက်နှုန်းရုတ်တရက်ကျဆင်းသွားခြင်း အစရှိသည်တို့ ဖြစ်ပါသည်။

နွားမများတွင် မြိုင်တစ်ခေါက်လာချိန်နှင့် နောက်တစ်ခေါက်လာချိန်ကြားကာလကို **"မြိုင်စက်ဝန်း"** ဟု ခေါ်ဝေါ်သုံးစွဲပါသည်။ နွားမများ၏ မြိုင်စက်ဝန်းတစ်ခုသည် အကြမ်းဖျဉ်းအားဖြင့် ရက် ၂၀ ရှိပါသည်။ သားစပ်ပြီးနောက် ရက် ၂၀ အကြာတွင် မြိုင်လက္ခဏာများ ထပ်မပြတော့ပါက ၎င်းနွားမသည် မျိုးအောင်သွားသည်ဟု မှတ်ယူနိုင်ပါသည်။ နွားမများ၏ "မြိုင်စက်ဝန်း" နှင့် မြိုင်လက္ခဏာများ ပြချိန်ကိုသိရှိခြင်းသည် ၎င်းတို့၏ သားအောင်နိုင်မှုကို အကဲဖြတ်ရာတွင် အထောက်အကူ ရရှိစေပါသည်။ နွားမများ၏ သားအောင်နိုင်မှုကို အကဲဖြတ်ရာတွင် အသုံးပြုနိုင်သော နည်းလမ်းများစွာရှိသည့်အနက် ကုန်ကျစရိတ်သက်သာပြီး အသုံးများသည့် နည်းလမ်းများမှာ -

### နည်းလမ်း(၁) သားတစ်ကြိမ်စပ်ရုံဖြင့် မျိုးအောင်သွား သောနှုန်းအရ အကဲဖြတ်သော နည်းလမ်း

ဤနည်းလမ်းသည် နွားမများကို သားတစ်ကြိမ်စပ်ပြီးနောက် ရက် ၃၀ မှ ရက် ၆၀ (ပျမ်းမျှအားဖြင့် ၄၉ ရက်)အတွင်း နောက်ထပ်သားစပ်စရာမလိုဘဲ တစ်ကြိမ်စပ်ရုံဖြင့် မျိုးအောင် သွားသောနှုန်းကို တွက်ချက်အကဲဖြတ်သောနည်းဖြစ်ပါသည်။

### နည်းလမ်း(၂) တစ်သားမွေးပြီးချိန်မှ အစောဆုံး သားပြန်စပ်နိုင်မည့်ရက် တွက်ချက်ခြင်းနည်းလမ်း

နွားမများ၏သားအိမ်သည် အများအားဖြင့် တစ်သားမွေးပြီးနောက် ပျမ်းမျှ ၄၅ ရက်ခန့် ကြာမှ နောက်တစ်သား ကိုယ်ဝန်ဆောင်ရန်အသင့်အနေအထားသို့ ရောက်ရှိပါသည်။ တစ်သားမွေးပြီးချိန်မှ အစောဆုံးသားပြန်စပ်နိုင်မည့်ရက်ကို တွက် ချက်ရန်အတွက် ပထမဦးစွာ လုပ်ရမည်မှာ မွေးပြီးနွားမများထဲမှ ကိုယ် ဝန် ဆောင်ရန်အတွက် အသင့်အနေ အထားဖြစ်သော နွားမများကို စာရင်းပြုစုရပါမည်။ မွေးပြီး ၄၅ ရက်ခန့်တွင် သားမစပ်လိုက်နိုင်ပါက နောက်ထပ် ၂၁ ရက်မှ ၂၄ ရက် အတွင်း၌ မဖြစ်မနေ သားစပ်နိုင်ရပါမည်။ အဓိပ္ပါယ်မှာ နွားမများ၏ "တစ်သား မွေးပြီးချိန်မှ အစောဆုံး သားပြန်စပ်နိုင်ရမည့်ရက်သည် ပျမ်းမျှ ၆၅ ရက် ရှိရမည်" ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

### နည်းလမ်း(၃) တစ်သားမွေးပြီးချိန်မှ အစောဆုံးသားပြန်စပ်နိုင်သည့် နွားမ ရာခိုင်နှုန်းအရ အကဲ ဖြတ်သောနည်းလမ်း

တစ်သားမွေးပြီးချိန်မှ အစောဆုံး သားပြန်စပ်နိုင်သည့် နွားမရာခိုင်နှုန်းကို တွက်ချက်ပုံ တွက်ချက် နည်းမှာ မွေးပြီး ၆၅ ရက်တွင် သားစပ်လိုက်နိုင်သော နွားမအရေအတွက်ကို သားစပ်ရန်အတွက် အသင့်အနေ အထားဖြစ်နေသော နွားမ အရေအ တွက်နှင့်စားပြီး ရရှိလာသော ရလဒ်ကို ၁၀၀ ဖြင့် မြှောက်ခြင်းဖြစ်ပါသည်။

### နည်းလမ်း(၄) တစ်သားမွေးပြီးချိန်နှင့် နောက်တစ်သားအောင်ချိန် ကြားကာလကို အကဲဖြတ်သော နည်းလမ်း

နွားမများ၏ တစ်သားမွေးပြီးချိန်နှင့် နောက်တစ်သားအောင်ချိန်ကြားကာလသည် အများဆုံး ၈၅ ရက် ဖြစ်လျှင် ကောင်းပါသည်။ ဤနည်းလမ်းဖြင့် အကဲဖြတ်မည်ဆိုပါက သားစပ်ပြီးနောက် မျိုး အောင်/မအောင်ကို သားစပ်ပြီးရက် ၂၀ အကြာ (တနည်း မြိုင်စက်ဝန်းတစ်ခုအကြာ)တွင် အကဲဖြတ်နိုင်ရပါမည်။ တစ်သားမွေးပြီးချိန်နှင့် နောက်တစ်သားအောင်ချိန်ကြားကာလကို တွက်ချက်နည်း မှာ တစ်သားမွေးပြီးချိန်မှ အစောဆုံး သားပြန်စပ်နိုင်ရမည့်ရက်(ပျမ်းမျှ ၆၅ ရက်)နှင့် သားစပ်ပြီး နောက် အောင်/ မအောင်ကို စောင့်ကြည့်အကဲဖြတ်နိုင်သည့်ရက်(သားစပ်ပြီးရက် ၂၀ အကြာ) ကို ပေါင်းခြင်းဖြင့် တွက်ချက်ရပါသည်။

### နည်းလမ်း(၅)တစ်သားနှင့်တစ်သားကြားကာလကို အကဲဖြတ်သောနည်းလမ်း

နွားမများ၏ တစ်သားမွေးပြီးချိန်မှ နောက်တစ်သားမွေးချိန်ကြား ကာလသည် ၃၆၅ ရက် ရှိလျှင် ကောင်းပါသည်။ တွက်ချက်နည်းမှာ တစ်သားမွေးပြီးချိန်နှင့် နောက်တစ်သားအောင်ချိန် ကြားကာလ(အများဆုံး ၈၅ ရက်)နှင့် ကိုယ်ဝန်ဆောင်ကာလ ၂၈၀ ရက်တို့ကို ပေါင်းခြင်း ဖြစ်သည်။

စာ - ၁၁ သို့

စာ - ၁၀ မှ

### နည်းလမ်း(၆) ခြံတစ်ခြံလုံးရှိ နွားမများ၏ ဇီးအောင်နှုန်းကို ခြုံငုံအကဲဖြတ်သောနည်းလမ်း

နွားမများကို သားစပ်ရသောအကြိမ်ရေနှင့် သားစပ်ပြီး (၄၂)ရက်အတွင်း ဇီးအောင်သည့် နွားမ အရေအတွက်တို့ကို အခြေခံ၍ တွက်ချက်သောနည်းလမ်းဖြစ် သည်။ ဥပမာ-တစ်နှစ်တာကာလ အတွင်း၌ နွားမအကောင် ၁၀၀ ကို အကြိမ် ၁၈၀ သားတင်ရသည်ဆိုပါစို့။ သားတင်လိုက်သောနွားမ ၁၀၀ အနက် အကောင် ၉၀ ဇီးအောင်လျှင် တစ်ခြံလုံးရှိနွားမများ၏ ဇီးအောင်နှုန်းသည် ၅၀ ရာခိုင်နှုန်းဖြစ်သည်။ တွက်ချက်ရရှိသည့် "ခြံတစ်ခြံလုံးရှိနွားမများ၏ ဇီးအောင်နှုန်းသည် ၅၈ ရာခိုင်နှုန်းနှင့်အထက် ရရှိပါက ၎င်းခြံ၏ သားအောင်နိုင်မှုအခြေအနေသည် ကောင်းသည်" ဟု ယူဆနိုင်ပါသည်။

### နည်းလမ်း(၇) တစ်ခြံလုံးရှိနွားမများ၏ မြိုင်လာနှုန်းကို ခြုံငုံအကဲဖြတ်သောနည်းလမ်း

တစ်ခြံလုံးရှိနွားမများ၏ မြိုင်လာနှုန်းကို တွက်ချက်ရန်အတွက်ဆိုလျှင် ရှေ့တစ်သား သားစပ်သည့်ရက်မှ နောက်တစ်သားအတွက်သားစပ်သည့်ရက်ကြားကာလကို သိရှိရမည်သာမက သားမစပ်လိုက်နိုင်သော မြိုင်စက်ဝန်းအရေအတွက်ကိုလည်း သိရှိရမည်ဖြစ်ပါသည်။ ၎င်းနှစ်ခုကို ပေါင်း၍ ရသောပေါင်းလဒ်ဖြင့် ရှေ့တစ်သား သားစပ်သည့်ရက်မှ နောက်တစ်သားအတွက် သားစပ်သည့် ရက်ကြားကာလကို စားရပါမည်။ ရရှိလာသောစားလဒ်ကို ၁၀၀ နှင့် မြှောက်ခြင်းဖြင့် တွက်ချက်ရပါသည်။

### နည်းလမ်း(၈) မျိုးပွားနိုင်မှုစွမ်းရည်အရ အကဲဖြတ်သောနည်းလမ်း

မျိုးပွားနိုင်မှုစွမ်းရည် တွက်ချက်ပုံတွက်ချက်နည်းမှာ အစောဆုံးသားစပ်လိုက်နိုင်သောနှုန်းကို တစ်ခြံလုံးရှိနွားမများ၏ ဇီးအောင်နှုန်းနှင့် မြှောက်ပြီး ၁၀၀ နှင့် စားခြင်းဖြစ်ပါသည်။ ဥပမာ-အစောဆုံး သားစပ်လိုက်နိုင်သောနှုန်းသည် ၈၀ ရာခိုင် နှုန်းရှိပြီး တစ်ခြံလုံးရှိနွားမများ၏ ဇီးအောင်နှုန်းသည် ၅၅ ရာခိုင်နှုန်းရှိပါက မျိုးပွားနိုင်မှုစွမ်းရည်သည် ၄၄ ရာခိုင်နှုန်း ရရှိမည်ဖြစ်ပါသည်။

### နည်းလမ်း(၉) သားအောင်နိုင်မှုအဆင့်ပြကိန်းကို အကဲဖြတ်သောနည်းလမ်း

သားအောင်နိုင်မှုအဆင့်ပြကိန်းကို အကဲဖြတ်တွက်ချက်နည်းမှာ တစ်ခြံလုံးရှိနွားမများ၏ မြိုင်လာနှုန်းကို တစ်ခြံလုံးရှိနွားမများ၏ဇီးအောင်နှုန်းဖြင့် မြှောက်၊ ရလာသောရလဒ်ကို ၁၀၀ ဖြင့် စားခြင်း ဖြစ်ပါသည်။

### နည်းလမ်း(၁၀) နွားမ ပယ်သောနှုန်းအရ အကဲဖြတ်သောနည်းလမ်း

တစ်နှစ် တစ်သားမရနိုင်သော နွားမများကို ပယ်သောနည်းလမ်းဖြစ်ပါသည်။ နွားမ ပယ်နှုန်းသည် တစ်ခြံလုံးအတိုင်းအတာအနေဖြင့် ၅ ရာခိုင်နှုန်းထက် မကျော်သင့်ပါ။

အထက်ဖော်ပြပါ နွားမများ၏သားအောင်နိုင်မှုကို အကဲဖြတ်ရာတွင် အသုံးပြုနိုင်သော နည်းလမ်း ၁၀ မျိုးကို အနှစ်ချုပ်ဖော်ပြရသော်-

| အကြောင်းအရာ | ရှိရမည့်ရက် |
|---|---|
| တစ်သားမွေးပြီးချိန်မှ အစောဆုံး သားပြန်စပ်နိုင်ရမည့်ရက် | ပျမ်းမျှ(၆၅)ရက် |
| တစ်သားမွေးပြီးချိန်နှင့် နောက်တစ်သားအောင်ချိန်ကြားကာလ | (၈၅)ရက် |
| နွားမများ၏ တစ်သားမွေးပြီးချိန်မှ နောက်တစ်သားမွေးချိန်ကြားကာလ | (၃၆၅)ရက် |
| ခြံတစ်ခြံလုံးရှိနွားမများ၏ ဇီးအောင်နှုန်း | (၅၈)ရာခိုင်နှုန်းနှင့်အထက် |

ဤနည်းလမ်းများကိုအသုံးပြု၍ နွားမများ၏ သားအောင်နိုင်မှုကို အကဲဖြတ်နိုင်ပြီး "နွားမ တစ်ကောင်သည် တစ်နှစ်လျှင် တစ်သားမွေးနိုင်ရမည်" ဟူသော စံနှုန်းပြည့်မီကာ နွားမွေးမြူရေးလုပ်ငန်း အောင်မြင်နိုင်စေရန် ရည်ရွယ် ရေးသား လိုက်ရပါသည်။

KMK(မွေး/သု)

ကိုးကားစာရင်း

- Veterinary Control of Herd Fertility. In: Arthur's Veterinary Reproduction and Obstetrics. 8th ed. Saunders, An imprint of Elsevier Limited, Philadelphia, USA. pp. 497-542.
- Veterinary Control of Herd Fertility in Intensively Managed Dairy Herds. In: Veterinary Reproduction and Obstetrics. 10th ed. Edited by David E. Noakes, Timothy J. Parkinson, & Gary C. W. England. Saunders, An imprint of Elsevier Limited, Philadelphia, USA. pp. 467-484.
- Rao T.K..S, Kumar N, Kumar P, Chaurasia S, and Patel N.B. (2013). Heat detection techniques in cattle and buffalo. Veterinary World, p 363-369.

# စိုက်ပျိုးမြေများ ကျန်းမာဖို့ ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့

မျိုးမြင့်ဇော်

'နွယ်မြက်သစ်ပင် ဆေးဘက်ဝင်' 'ဥတုရာသီ တောကိုမှီ' စေသော အဓိကအကြောင်း အရင်းအမြစ်ကို ဆန်းစစ်ကြည့်ပါက ကျန်းမာသော မြေဆီလွှာရှိမှ ဖြစ်နိုင်ပါမည်။ မြေဆီလွှာ ကျန်းမာရေးဟုဆိုရာတွင် ယနေ့အသုံးတွင်ကျယ်နေသော စကားလုံး 'Living Soil' ဖြစ်ရန်ကို ဆိုလိုပါသည်။ 'Living Soil' ဖြစ်ရန် ဘာတွေလိုအပ်သလဲ၊ ဘာတွေလုပ်ရမှာလဲ၊ ဘယ်လိုလုပ်ရမှာလဲ လေ့လာအဖြေရှာရန် လိုပါသည်။ ထို့အတူ 'Living Soil' နှင့်ဆန့်ကျင်ဘက်သည် သက်ရှိအားလုံး မှီခိုအားထားရာဖြစ်ပါသည်။ မြေနှင့်လွတ်ကင်းသော အစားအစာဟူသည် မရှိပါ။ ယနေ့လူသားကမ္ဘာမှာ စာနပ်ရိက္ခာဖူလုံရေးနှင့် အစားအစာဘေးကင်းရေးကို အလေးထားလုပ်ဆောင်လာနေကြပါသည်။ ထိုသို့ဘေးကင်းသော အစားအစာနှင့်စားနပ်ရိက္ခာဖူလုံရေးတို့ဖြည့်တင်းပေးနိုင်ရန်မှာ ကျန်းမာသောမြေဆီလွှာရှိရပါမည်။

ယနေ့လက်ရှိ စိုက်ပျိုးရေးကဏ္ဍတွင်သုံးစွဲနေသော ဓာတုဆေးဝါးနှင့် ဓာတ်မြေဩဇာများသည် မြေဆီလွှာ



'Dead Soil' မဖြစ်အောင် ဘာတွေရှောင်ရမှာလဲ၊ ဘာတွေပြုပြင်သင့်သလဲ၊ ဘယ်လိုထိန်းသိမ်းသင့်သလဲ စသည့် အသိတရားဖြင့် ဆင်ခြင်နိုင်အောင် လေ့လာသိရှိထားရန်လိုပါသည်။

မြေရှင် (Living Soil) ဆိုသည်မှာ တီကောင်ကဲ့သို့ မြေတွင်ပျော်ပြီး သီးနှံများအာဟာရ စုပ်ယူနိုင်အောင် ကူညီပေးသော သတ္တဝါငယ်လေးများ ရှင်သန်သောမြေ၊ မှို၊ ဘက်တီးရီးယားတို့ကဲ့သို့ အကျိုးပြုအဏုဇီဝသက်ရှိများရှင်သန်သောမြေ၊ ဩဂဲနစ်ပစ္စည်းများ(Organic Matters) ကြွယ်ဝသော၊ ရေစိမ့်ဝင်နိုင်စွမ်းကောင်းပြီး ရေစီးရေလာနှင့် အစိုဓာတ်ထိန်းသိမ်းနိုင်သောမြေတို့ကို ကျန်းမာသောမြေလို့သတ်မှတ်ပါသည်။ (Dead Soil) ဆိုသည်မှာ သစ်ဆွေးဓာတ်ကင်းမဲ့ပြီး စိုလွယ်ခြောက်လွယ် ပက်ကြားအက်လွယ် ရေစိမ့်ဝင်နိုင်စွမ်းနည်းသောမြေ၊ ဓာတုဗေဒပစ္စည်းများ (ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ) စသည်တို့ အလွန်အကျွံသုံးစွဲပြီး ဓာတ်ကြွင်းများသော မြေ၊ ရေဆိုးရေညစ်နှင့် စက်ရုံစွန့်ပစ်ရေဝင်သော မြေများကိုသတ်မှတ်ပါသည်။

လူသားတို့နေထိုင်ရာကမ္ဘာမြေကြီးကျန်းမာရေးနှင့်ဂေဟာစနစ်ကို ခြိမ်းခြောက်၍အန္တရာယ်ပေးနေပြီဖြစ်ပါသည်။ ထို့ကြောင့် ဓာတုဆေးဝါးနှင့်ဓာတ်မြေဩဇာတိုကိုစနစ်တကျသုံးစွဲ၍ ဂေဟာစနစ်ကိုထိန်းသိမ်းကာကွယ်ခြင်းဖြင့် မြေဆီလွှာကျန်းမာရေးကိုပြုပြင်ပေးရပါမည်။ မြေဆီလွှာကျန်းမာရေးအတွက် စိုက်ပျိုးမြေများကို သဘာဝမြေဆွေး၊ တိရစ္ဆာန် ဘေးထွက်ပစ္စည်းများနှင့်ဇီဝမြေဩဇာများကို နှစ်စဉ်အသုံးပြုရင်း စိုက်ပျိုးသွားဖို့လိုပါသည်။

ထို့အပြင် သစ်စိမ်းမြေဩဇာကဲ့သို့ မြေဆီလွှာကျန်းမာရေးကို အထောက်အကူပြုသည့် လုပ်ငန်းများကိုလည်း အခါအားလျော်စွာ လုပ်ဆောင်ပေးရန်လိုပါသည်။

မြေဆီလွှာနှင့်ဂေဟာစနစ်ကို အန္တရာယ်ပေးနေသော နောက်ထပ်အကြောင်းအရာတစ်ခုမှာ ပေါင်းသတ်ဆေး အသုံးပြုခြင်းဖြစ်သည်။ လေ့လာဆန်းစစ်မှု မှတ်တမ်းများအရ ပေါင်းသတ်ဆေး သုံးစွဲသည့် စိုက်ပျိုးမြေဧရိယာ၏ ၆၃%မှာ အဏုဇီဝသက်ရှိများပါဝင်မှုကို လျော့နည်းစေ၍ ၈၂% သည် မြေညံ့များဖြစ်လာပြီး ၈၅%မှာ မြေဆွေးဓာတ် (Organic Matter) ပါဝင်မှု လျော့

စာ-၁၂ သို့

စာ-၉ မှ

တိုးတက်မှုတွင် အရေးပါလျက်ရှိပါသည်။

ဇင်မာဝင်း (၂၀၁၆) ၏ "ဘိုကလေးမြို့နယ်ရှိ တောင်သူနှင့် လယ်ယာမဲ့မိသားစုများ၏ စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏ ပါဝင်ဆုံးဖြတ်မှု အခန်းကဏ္ဍကို လေ့လာခြင်းသုတေသန"တွေ့ရှိချက်အရ တောင်သူမိသားစုများတွင် အမျိုးသမီးများ ဆုံးဖြတ်နိုင်မှုသည် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အများဆုံးဖြစ်ပြီး လယ်ယာမဲ့ မိသားစုများတွင် အမျိုးသမီးများ ဆုံးဖြတ်နိုင်မှုသည် လယ်ယာနှင့် မသက်ဆိုင်သော အခြား လုပ်ငန်းများ လုပ်ကိုင်ခြင်းတွင် ပိုမိုပါဝင်သည်ကို တွေ့ရှိရသည်။ တောင်သူမိသားစုများတွင် ပညာအရည်အချင်း မြင့်မားသော အမျိုးသမီးများနှင့် မွေးမြူရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ပါဝင်ခြင်းသည် အိမ်ထောင်စုဝင်ငွေကို တိုးတက်စေသော အကြောင်းရင်း ဖြစ်သည်ဟု တွေ့ရှိရပါသည်။ သုတေသနတွေ့ရှိချက်များအရ ကျေးလက်နေ အမျိုးသမီးများအတွက် လိုအပ်သော အသက်မွေးဝမ်းကြောင်းသင်တန်းများ ပိုမိုလုပ်ဆောင် ပေးသင့်သည်။ တောင်သူနှင့် လယ်ယာမဲ့မိသားစုများ၏ ဝင်ငွေပိုမိုရရှိစေရန် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးပြီး အမျိုးသမီးများအား ရသုံးငွေ စီမံခန့်ခွဲမှုများ၊ စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆုံးဖြတ်ချက်ချမှုများ လုပ်ဆောင်စေရန် ပိုမိုတိုက်တွန်းသင့်ပါသည်။

ခိုင်စုရွှေဦး (၂၀၂၂) ၏ "နေပြည်တော်ကောင်စီနယ်မြေအတွင်း လယ်ယာလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စုများမှ အမျိုးသမီးများ၏ လုပ်ဆောင်နိုင်မှု စွမ်းရည်အပေါ် လွှမ်းမိုးနေသည့် အချက်များအား လေ့လာခြင်း သုတေသန" အရ အမျိုးသမီးများ၏ လယ်ယာကဏ္ဍတွင် ပါဝင်ဆုံးဖြတ်လုပ်ဆောင်နိုင်မှု စွမ်းရည်ပြအညွှန်းကိန်း (WEAI) မှာ ၀ ဒသမ ၈၃ ရှိကြောင်း တွေ့ရပြီး အလယ်အလတ်အဆင့်ဖြစ်ပါသည်။ အမျိုးသမီးများ၏ ဆုံးဖြတ်နိုင်မှု စွမ်းရည်သည် အမျိုးသားများထက် တစ်ဝက်ခန့်နည်းပါးပြီး ၎င်းသို့ဖြစ်ရခြင်းမှာ အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်မှုနည်းပါးခြင်း၊ လူအများကြား ဆွေးနွေးပြောဆိုနိုင်မှု အားနည်းခြင်း၊ လယ်ယာလုပ်ငန်းနှင့် အခြားဝင်ငွေရလုပ်ငန်းများတွင် ပါဝင် ဆုံးဖြတ်နိုင်မှု နည်းပါးခြင်း၊ အိမ်မှုကိစ္စများဖြင့် အချိန်ကုန်ခြင်း၊ အနားယူချိန်နည်းပါးခြင်းနှင့် ပိုင်ဆိုင်သော ပစ္စည်းများ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်းတို့ကို ပြုလုပ်ရာတွင် ဆုံးဖြတ်နိုင်မှု အားနည်းခြင်းတို့ကြောင့်ဖြစ်ပါသည်။ သို့သော်လည်း အလယ်တန်းအဆင့်နှင့် အထက် ပညာအရည်အချင်း ရှိသော အမျိုးသမီးများ၊ စိုက်ပျိုးမွေးမြူရေး အသင်းအဖွဲ့များတွင် ပါဝင်သော အမျိုးသမီးများ၊ လေ့ကျင့်ပညာပေးမှုအစီအစဉ်များတွင် ပါဝင်တက်ရောက်သော အမျိုးသမီးများနှင့် ဝင်ငွေမြင့်မားသည့် အိမ်ထောင်စုများမှ အမျိုးသမီးများသည် လယ်ယာကဏ္ဍနှင့်သက်ဆိုင်သော ဆုံးဖြတ်နိုင်မှုစွမ်းရည်ပိုမိုမြင့်မားကြောင်း တွေ့ရပါသည်။တွေ့ရှိချက်များအရ အမျိုးသမီးများအား ဆုံးဖြတ်နိုင်မှုစွမ်းရည်ပိုမိုတိုးတက်စေရန် အမျိုးသမီးအခြေပြု စိုက်ပျိုးရေး ပညာပေး လုပ်ငန်းများ၊ သင်တန်းများ၊ ချိတ်ဆက်ဆောင်ရွက်မှုများ မြင့်တင်ပေးခြင်းနှင့် အသင်းအဖွဲ့များ တွင် ပိုမိုပါဝင်စေပြီး လယ်ယာကဏ္ဍရှိ အမျိုးသမီးများ ၏ ဆုံးဖြတ်လုပ်ဆောင်နိုင်မှုစွမ်းရည်ကို ပိုမိုမြှင့်တင်စေကာ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို မြန်ဆန် လာစေနိုင်ကြောင်း အမျိုးသမီးနေ့ကို ဂုဏ်ပြု၍ ရေးသားတင်ပြလိုက်ပါသည်။

**ဒေါက်တာသီဂီမြင့်**



စာ-၁၁ မြေဆီလွှာ မှ

နည်းလာပါသည်။ ထို့အပြင် လူ၊ တိရစ္ဆာန်နှင့်ငါးအဆိပ်သင့်မှုမှာ ၉၈% ရှိပြီး မြစ်၊ချောင်းနှင့်မြေအောက်ရေမှာ ပေါင်းသတ်ဆေး အဆိပ်သင့်မှု ၅၆% ရှိသည်ဟု သိရပါသည်။

ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရာတွင်လည်း ဓါတုဆေးဝါးများကိုသာ အားကိုးမနေဘဲ ဘက်ပေါင်းစုံကာကွယ်ရေးနည်းလမ်းများကို အသုံးပြုသင့်ပါသည်။ ဓါတုဆေးများ အလွန်အကျွံသုံးစွဲလာပါက စားသုံးသူ၏ ကျန်းမာရေးကို ထိခိုက်စေရုံသာမက ဂေဟစနစ်နှင့် မြေဆီလွှာပျက်ဆီးခြင်း အထိ ဆိုးကျိုးများဖြစ်ပေါ်စေပါသည်။ သီးနှံပင်၊ ဂေဟစနစ်နှင့်မြေဆီလွှာတို့သည် သဟဇာတဖြစ်မှသာ အပြန်အလှန်အကျိုး ဖြစ်ထွန်းစေပါသည်။

မြေဆီလွှာ၏ ဂုဏ်သတ္တိများကို ပြောင်းလဲမှုမြန်ဆန်စေပြီး ပျက်စီးမှုကိုဖြစ်စေသော နောက်ထပ် အကြောင်းအရင်းတစ်ခုမှာ ဓါတ်မြေသြဇာ များ အလွန်အကျွံသုံးစွဲခြင်းကြောင့် ဖြစ်ပါသည်။ ဓါတ်မြေသြဇာများသည် မြေဆီလွှာ၏ ဓါတ်ဂုဏ် သတ္တိသာမက ရုပ်ဂုဏ်သတ္တိ ပြောင်း လဲမှုများကိုလည်း ဖြစ်ပေါ်စေပါသည်။ ဓါတ်မြေသြဇာများ လျှော့ချသုံးစွဲမည်ဆိုပါက မွေးမြူရေးလုပ် ငန်းနှင့်တွဲဖက် လုပ်ကိုင်မှသာ အဆင်ပြေမည်ဖြစ်သဖြင့် ကျွန်တော့်အနေဖြင့် ပေါင်းစည်းလယ်ယာစနစ် (Integrated Farming System) ကို အကောင်အထည်ဖော်ရန် အကြံပြုအပ်ပါသည်။ သို့မှသာ ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖြစ်ဖို့ဆိုလျှင် မြေဆီလွှာကျန်းမာရေးကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ဖို့ လိုအပ်လှပါသည်။

ဓါတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကြောင့် ကမ္ဘာပေါ်မှာ မြေဆီလွှာနှင့် သက်ရှိတို့ အန္တရာယ် ဖြစ်နေခဲ့တာ ကြာခဲ့ပါပြီ။ သာဓကများစွာလည်း သတင်းဓါတ်ပုံမှတ်တမ်းများမှာ တွေ့ခဲ့ကြပြီ ဖြစ်ပါသည်။ ထို့ကြောင့် 'အပင်ကောင်းချင် မြေကိုပြင်' 'လူကိုကောင်းချင် စိတ်ကိုပြင်' ဖို့ လိုပါပြီလို့ အကြံပြုရေးသားတိုက်တွန်းအပ်ပါသည်။

**မျိုးမြင့်ဇော်**

ကျမ်းကိုးစာရင်း

- ခိုင်စုရွှေဦး (၂၀၂၂) နေပြည်တော်ကောင်စီနယ်မြေအတွင်း လယ်ယာလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုများမှ အမျိုးသမီးများ၏ လုပ်ဆောင်နိုင်မှုစွမ်းရည်အပေါ် လွှမ်းမိုးနေသည့် အချက်များအား လေ့လာခြင်း၊ မဟာသိပ္ပံသုတေသနကျမ်း၊ စိုက်ပျိုးစီးပွားပညာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်။
- ဇင်မာဝင်း (၂၀၁၆) ဘိုကလေးမြို့နယ်ရှိ တောင်သူများနှင့် လယ်ယာမဲ့မိသားစုများ၏ စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏ ပါဝင်ဆုံးဖြတ်မှု အခန်းကဏ္ဍကို လေ့လာခြင်း၊ မဟာသိပ္ပံသုတေသနကျမ်း၊ စိုက်ပျိုးစီးပွားပညာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်။

စာ-၁၄ မှ

ထောပတ်ပဲ (သေး) ၄၅၀၀၀၀ ကျပ်မှ ၃၈၀၀၀၀ ကျပ်သို့ ဈေးသိသိသာသာ နိမ့်သွားသည်။

## ဂျုံနှင့် အစေ့ထုတ်ပြောင်းဈေးကွက်

မန္တလေးပွဲစားကုန်သည်၊ စက်ပိုင်ကထိန်တော်အသင်းတွင် ဂျုံဈေးနှုန်းအနေဖြင့် မြင်းမူ၊ မြောင်၊ ငါန်းဇွန်၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင် ရွှေဘိုတို့မှ ဂျုံသစ်များ စတင်ဝင်ရောက်မှု ရှိသော်လည်း အဝင်နည်းသေးခြင်း ဂျုံစက်များ အဝယ်ပုံရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၁၈၅၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။ ကလေးဂျုံသစ်တစ်အိတ် ၁၈၀၀၀၀ ကျပ် ရှမ်းဂျုံ(သစ်)တစ်အိတ် ၁၇၅၀၀၀ ကျပ်မှ ၁၇၂၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားပြီး ကြူကုတ်ဂျုံတစ်အိတ် ၁၆၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဩစတြေးလျ ဂျုံမှုန့် တစ်ပိဿာ ၃၃၀၀ ကျပ်ဖြင့် လုပ်ငန်းသမား မုန့်သမား ဝယ်ယူမှုရှိသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် ဆောင်းပြောင်းအသစ်ဝင်ရောက်မှုရှိခြင်းကြောင့် လှောင်သမား လက်ကျန်ထုတ်ရောင်းမှုရှိခြင်း၊ အစာစပ်သမား ဝယ်ယူမှုသာရှိခြင်းကြောင့် ယခင်အပတ် ၃ တင်းတစ်အိတ် ၅၆၀၀၀ကျပ်မှ ယခုအပတ် ၅၃၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

## သစ်သီးဝလံဈေးကွက်

မန္တလေးကိုင်းတန်းဈေး' သစ်သီးပွဲရုံများတွင် မုံရွာ၊ ချောင်းဦးမှ ဖရဲသီးများ အဝင်နည်းခြင်း ကြောင့် တစ်လုံး ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်သို့ ဈေးမြင့်နေသည်။ သခွားမွေး မရှိသလောက် ရှားပြီး ရွှေသခွားများ လှိုင်လှိုင်ဝင်ရောက်ပြီး တစ်လုံး ၃၀၀ ကျပ်မှ ၈၀၀ ကျပ်ထိ ဈေးနှုန်းအမျိုးမျိုးဖြင့် မြို့တွင်း လက်လီတစ်လုံး ၃၀၀ ကျပ် မှ ၈၀၀ ကျပ်ထိ မြို့တွင်း လက်လီဆိုင်များ ဝယ်ယူမှုသာရှိသည်။ မိတ္ထီလာ၊ ရမည်းသင်းတို့မှ စပျစ်သီးညိုများ အဝင်များသော်လည်း အရည်အသွေး ကောင်းသောကြောင့် တစ်ပိဿာ ၅၀၀၀ ကျပ်ဈေး ရှိသည်။ ထောပတ်သီးများလည်း အဝင်များကာ အရည်အသွေးပေါ်မူတည်၍ ၁၂၀ လုံးပါ ပိုက်အိတ်တစ်အိတ် ၂၀၀၀၀ ကျပ်မှ ၃၅၀၀၀ ကျပ်ဖြင့် သစ်သီးဖျော်ရည်ဆိုင်များ လက်လီအရောင်းဆိုင်များ ဝယ်ယူမှုရှိသည်။ ရှားငံသီးပေါ် လိမ္မော်သီးများ ရာသီကုန်ဖြစ်၍ ရွှေလိမ္မော်များ ဝင်ရောက်ကာ ၁၂ ပိဿာ တစ်ခြင်း ၈၀၀၀၀ ကျပ်ဈေးရှိပြီး လားရှိုး၊ ပြင်ဦးလွင်၊ မြစ်ကြီးနားသို့ တင်ပို့ရမှုနည်းပြီး မန္တလေးဝန်းကျင်မြို့များမှ ဝယ်ယူမှုအနည်းငယ်သာ ရှိကြောင်း သိရသည်။

**ခင်မေကြည်**




## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွက် ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၅၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ် လျှင် ၁၀၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၉၁၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ် လျှင် ၉၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ဧည့်မထဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၈၃၀၀၀ ကျပ် နှင့် အောက် စ တစ်တင်းခွဲတစ်အိတ်၈၂၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၇၁၀၀၀ကျပ် နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ် လျှင် ၇၀၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း ရောင်းဝယ်လျက် ရှိကြောင်းသိရသည်။ယခင်ရက်သတ္တပတ် ဈေးနှုန်းများဖြင့်သာဈေးငြိမ်အရောင်းအဝယ်အေးလာခြင်းဖြစ်သည်။

လတ်တလောတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဗီယက်နမ်နိုင်ငံတွင် တရုတ်နှစ်သစ်ကူးကာလဖြစ်၍ အရောင်းအဝယ်အေးချိန်ဖြစ်ခြင်း၊ အိန္ဒိယနိုင်ငံတွင် ပြည်ပသို့ ဆန်တင်ပို့မှု ပိတ်ထားသော ကာလအတွင်း ပါကစ္စတန် နိုင်ငံသည် နိုင်ငံတကာဆန်ဈေးကွက်သို့ ပိုမိုထိုးဖောက်တင်ပို့လာနိုင်ခြင်း၊ ထိုင်းနိုင်ငံတွင် ဘတ်ငွေအားပျော့လာခြင်းနှင့် ဆန်သစ်လှိုင်လှိုင် ပေါ်ချိန်ဖြစ်ခြင်းကြောင့် ပို့ကုန်ဆန်ဈေးအနည်းငယ်ကျဆင်းလာခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး အိမ်နီးချင်းနိုင်ငံများ၏ ပို့ကုန်ဆန်ဈေးများအနည်းငယ်တည် ငြိမ်ကျဆင်းလာခြင်းဖြစ်သည်။မြန်မာပြည်တွင်း၌လည်း ပို့ကုန်ရငွေ မူဝါဒဆိုင်ရာ အပြောင်းအလဲအရ ဆန်ဈေးအတက်ရပ်ကာ အမြင့် ဈေးတွင်ငြိမ်နေသော အခြေအနေဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဆန်စပါးဈေးတည်ငြိမ်စေရန် ဈေးကွက်အတွင်း ရောင်းချသင့်သည့် ရည်ညွှန်းဈေးနှုန်းများသတ်မှတ်ထုတ်ပြန်ထားသော်လည်း ဈေးကွက်ပေါက်ဈေးမှာ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ မှ ၅၀၀၀၀ ခန့်အထိ ဆန်အမျိုးအစားပေါ် မူတည်၍ ဈေးမြင့်ကွာဟလျက်ရှိသည်။ ရန်ကုန်တိုင်းအတွင်းရှိ စားသုံးသူပြည်သူများသက်သာသော ဈေးနှုန်းဖြင့် ဆန်ဝယ်ယူစားသုံးနိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၈ မြို့နယ်ရှိ အသင်းဝင်ဆန်လက်လီဆိုင် ၅၈ ဆိုင်တွင် ဆန် ၁ ပြည်လျှင် ၃၃၀၀ ကျပ်နှုန်းဖြင့် ၁၆-၂-၂၀၂၄ နေ့မှစတင်ကာ (သောကြာ၊ စနေ၊ တနင်္ဂနွေ)နေ့များတွင် ဆန်ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘို ဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်သွင်းခွင့်ရသော ကာလဖြစ်သော်လည်း ထိုင်းနယ်စပ်တွင် ပြောင်းဈေးကျနေခြင်း၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံသို့ ပယ်လယ်ရေကြောင်းမှ အနည်းငယ်တင်ပို့မှုရှိသော်လည်း နယ်စပ်ဂိတ် များမှ တင်ပို့ရာတွင် နယ်မြေမတည်ငြိမ်ခြင်းနှင့် သယ်ယူပို့ဆောင်စရိတ်များမြင့်နေခြင်း၊ ဆန်၊ ပဲ၊ပြောင်း၊ ရော်ဘာပို့ကုန်ရ ငွေမူဝါဒဆိုင်ရာ အပြောင်းအလဲဂယက်ကြောင့် ပြည်ပတင်ပို့ဝယ်လက်များမှ ပို့ကုန်ပြောင်းဈေးနှုန်းများအား ဈေးနှိမ့်ဝယ်ယူမှုရှိခြင်း၊ စိုက်ပျိုးတောင်သူများမှ ရောင်းလိုအားများသော်လည်း ပြည်ပတင်ပို့ဝယ်လက်များမှ ပို့ကုန်ဆိုင်ရာမူဝါဒ ပြောင်းလဲမှုများကြောင့် ချိန်ဆဝယ်ယူမှုများရှိခဲ့ခြင်း စသည့်အခြေအနေများကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများ ယခင်အပတ် ထက်ဈေးနိမ့်ခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၆၂၆၄၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၅၈၈၆၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ငရုတ်ခြောက်(ရှည်)မှာ ပန်းရဲနှင့် မြားနီ ငရုတ်သစ်များ ဈေးကွက်သို့ ကုန်အဝင်ပိုလာခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားပုံမှန်သာရှိခြင်းကြောင့် ယခင်အပတ်ထက်ဈေးနိမ့်ခဲ့သည်။

ငရုတ်ခြောက်(လတ်)မှာ မြစ်ဝ(မိုးထောင်)တစ်မျိုးသာ ယခင်ရက်သတ္တပတ်အတွင်း ကုန်အဝင်ရှိခဲ့ပြီး ယခုအပတ် တွင် ကုန်အဝင်မရှိသလောက်နည်းခြင်းကြောင့် ဈေးနှုန်း ကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်း(ပွ) တစ်မျိုးသာ ဈေးကွက်သို့ ကုန်အဝင်ရှိသော်လည်း ကုန်အဝင်ပိုလာခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေးနိမ့်ခဲ့သည်။ ငရုတ်ခြောက်(ရှည်၊လတ်၊ပွ)တစ်ပိဿာလျှင် ယခင်အပတ်၏ ပျမ်းမျှ ဈေးနှုန်းမှာ ၉၇၅၀-၁၁၂၅၀-၁၆၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၈၆၅၀- - -၁၅၂၅၀ ကျပ်ဖြစ်သည်။ ကြက်သွန်နီ(ထူး၊လတ်၊သေး)မှာ တောင်တွင်း၊ ဆိပ်ဖြူ၊ မြစ်သား၊ မြင်းခြံစသော ဒေသများမှ ဈေးကွက်သို့ ကုန်အဝင်နည်းလာခြင်း၊ စိုက်ပျိုးထွက်ရှိရာဒေသများတွင် ပြည်ပဝယ်လက်အချို့ ဝယ်ယူမှုရှိခြင်းနှင့် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်များသို့ တင်ပို့မရှိခြင်း၊ နယ်ဈေးမြင့်လာခြင်း စသည့်အခြေအနေများကြောင့် ကြက်သွန်နီး(ထူး)မှာ ယခင်အပတ်ထက်ဈေးမြင့်ခဲ့ပြီး ကြက်သွန်နီ(လတ်)မှ ဈေးငြိမ်ခဲ့သည်။ ကြက်သွန်နီ(သေး)မှာ ယခင်အပတ်ထက် အနည်းငယ်ဈေးနိမ့်လာခဲ့သည်။ ကြက်သွန်နီ(ထူး၊လတ်၊သေး) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၅၅၀-၂၄၀၀-၁၇၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၆၀၀-၂၄၀၀-၁၇၀၀ ကျပ်ဖြစ် သည်။ ကြက်သွန်ဖြူ(ရှမ်း)နှင့် (ကြူကုတ်)မှာ ပစ္စည်းအလှရှားလာချိန်ဖြစ်ခြင်းနှင့် သယ်ယူစရိတ်မြင့်ခြင်းတို့ကြောင့် ယခင် အပတ်ထက် ဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း)တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၆၉၀၀ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်းမှာ ၁၇၁၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ(ကြူကုတ်)တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှ ဈေးနှုန်းမှာ ၉၁၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်း ၉၃၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ အာလူးဈေးနှုန်းများမှာ (ရှမ်း) အာလူးများ ကုန်အဝင်အလွန်နည်းခြင်း၊ တရုတ်အာလူးများ ကုန်အဝင်ပုံမှန်ရှိခြင်း၊ ရောင်းလိုအား၊ ဝယ်လိုအားမျှနေခြင်းတို့ ကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ တရုတ်အာလူးတစ်ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၂၈၀၀ ကျပ်ဖြစ်သည်။

## စားသုံးဆီဈေးကွက်

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သောနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာ လျှင် ၅၁၄၀ ကျပ်ဖြစ်သည်။ ယခင်ရက်သတ္တပတ်အတွက် ထုတ်ပြန်ခဲ့သော ရည်ညွှန်းဈေးနှုန်းမှာလည်း ၅၁၄၀ ကျပ်ပင်ဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်း ထက်များစွာ မကွာသော ဈေးနှုန်းများဖြင့် စားအုန်းဆီများအား ဝယ်ယူရရှိနိုင်သည်။

အေးသန္တာဝင်း




## ဆန်ဈေးကွက်

မန္တလေးဆန်ပွဲရုံများတွင် ရန်ကုန်ပေါ်ဆန်ဈေးနှုန်းမှာ အဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန် ရှိသော်လည်း အဝေးတင်ပို့ရမှုနည်းခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ် မှ ၁၃၀၀၀၀ ကျပ်သို့ မသိမသာ ဈေးနိမ့်သွားသည်။ ရွှေဘိုပေါ်ဆန်း ဈေးနှုန်းအနေဖြင့် ရွှေဘိုဒေသ တခုတည်းမှ ဝင်ရောက်ခြင်း၊ စိုက်ဧကနည်းအထွက်နည်းအဝင်နည်းခြင်းကြောင့် တစ်အိတ် ၁၄၅၀၀၀ ကျပ်မှ ၁၅၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

မနေသုခဆန်မှာ နွေစပါးစိုက်ချိန်နီးခြင်း၊ အများသုံးဆန်ဖြစ်၍ မြို့တွင်းစားသုံးမှုပုံမှန် ရှိခြင်းကြောင့် အဝေးတင်ပို့ရမှုနည်းသော်လည်း တစ်အိတ် ၉၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

ငစိန်ဆန်နှင့် ဧယာဆန်မှာ ရန်ကုန်ဈေးကွက်မှ တစ်ဆင့် ဝင်ရောက်သော ဆန်ဖြစ်ခြင်းကြောင့် ဧယာဆန်မှာ အဝင်ပုံမှန်၊ ပင်ရင်းဈေးပုံမှန်ရှိခြင်း၊ အဝေးတင်ပို့ရမှု နည်းခြင်းကြောင့် တစ်အိတ် ၉၀၀၀၀ ကျပ်ဖြင့်ဈေးတည်ငြိမ်နေပြီး ငစိန်ဆန်မှာ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်း၊ အဝင်နည်းခြင်းကြောင့် တစ်အိတ် ၇၅၀၀၀ ကျပ်မှ ၇၉၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

ဧရာမင်းဆန်မှာ အရည်အသွေးပေါ်မူတည်၍ ၁၄၅၀၀၀ ကျပ်မှ ၁၆၈၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံနှင့် ဆီဈေးကွက်

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများအနက် မြေပဲ၊ (လုံးဆံ/ဆီဆံ) ဈေးနှုန်းမှာ ဆောင်းမြေပဲအသစ်များဝင်ချိန်ဖြစ်ခြင်း၊ အရည်အသွေးကောင်းရှားခြင်း၊ အသစ်အဝင်နည်းခြင်းတို့ကြောင့် အညံ့ဆုံး ၁၀၀ ပိဿာ ၇၂၀၀၀၀ ကျပ်မှ အကောင်းဆုံး ၈၇၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ မြေပဲ (ဆီဆံ)မှာ အဝင်ပုံမှန်၊ ဆီစက်သမား အဝယ်ပုံမှန် ရှိခြင်းကြောင့် ၁၀၀ ပိဿာလျှင် အရည်အသွေးအကောင်းဆုံး ၇၈၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

နှမ်းမျိုးစုံဈေးနှုန်းများအနက် နှမ်းဖြူမှာ ဆောင်းနှမ်းအဝင်နည်းသွားခြင်း၊ နွေနှမ်း စိုက်ရန် ပြင်ဆင်ချိန်ဖြစ်ခြင်း၊ တရုတ်ဝယ်လက်နည်းခြင်းကြောင့် ၄၅ပိဿာ အရည် အသွေးပေါ်မူတည်၍ ၃၆၀၀၀၀ ကျပ်မှ ၄၀၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းညိုမှာ အဝင်ပုံမှန်၊ ဆီစက်သမား ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ၃၁၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ နှမ်းနက် (စမုံ)မှာ အဝင်နည်းသွားခြင်း၊ တရုတ်ဝယ်လက်အနည်းငယ် ရှိခြင်း၊ အက်ဆစ်ပါဝင်မှု အရည်အသွေး ပေါ်မူတည်၍ ဈေးကွာခြင်းခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေး အကောင်းဆုံး ၄၅ ပိဿာ ၃၉၀၀၀၀ ကျပ်မှ ၄၁၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းနီ ၃၂၅၀၀၀ ကျပ်၊ နှမ်းဝါ (သစ်)၃၂၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။ ပန်းနှမ်းဈေးနှုန်းအနေဖြင့် အသစ်ဝင်ရောက်မှု ရှိသော်လည်း အဝယ်နည်းခြင်း၊ ဘယဆေးနှင့် လက်လီသမားအဝယ်နည်းခြင်းကြောင့် ၄၅ ပိဿာ ၂၁၀၀၀၀ ကျပ်မှ ၂၀၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

နေကြာဈေးနှုန်းအနေဖြင့် ဆောင်းနေကြာစတင်ဝင်ရောက်စဖြစ်ခြင်း၊ လှောင် သမား ထုတ်ရောင်းမှုရှိခြင်း၊ ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ၂၇ ပိဿာ ၁၁၀၀၀၀ ကျပ်မှ ၁၀၀၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။

စားသုံးဆီဈေးနှုန်းမှာ မြေပဲဆီ အရည်အသွေး ပေါ်မူတည်၍ ၁၀၀၀၀ မှ ၁၂၀၀၀ ကျပ်၊ နှမ်းဆီ ၁၂၅၀၀ ကျပ်၊ နေကြာဆီ ၁၃၀၀၀ ကျပ်၊ ပဲပုတ်ဆီ ၆၅၀၀ ကျပ်၊ မုန်ညင်းဆီ ၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

မန္တလေးကိုင်းတန်းဈေးစားဖိုဆောင်သီးနှံပွဲရုံများတွင် ကြက်သွန်နီမှာ ရွှေဘိုနှင့် မြစ်သားမှ ဝင်ရောက်ပြီး မြစ်သားကြက်သွန်နီမှာ အဝေးတင်ပို့ရမှုနည်းခြင်း၊ အဝင်များခြင်း၊ မြို့တွင်းလက်လီ/လက်ကား ဝယ်ယူမှုသာရှိခြင်းကြောင့် ကြီးတစ်ပိဿာ ၃၀၀၀ ကျပ်မှ ၂၈၀၀၊ လတ် ၂၆၀၀ ကျပ်မှ ၂၃၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး (သေး)မှာ မြို့တွင်းသုံး ဝယ်ယူမှုများသဖြင့် တစ်ပိဿာ ၂၀၀၀ ကျပ်နှင့် ဈေးတည်ငြိမ်နေသည်။ ရွှေဘိုကြက်သွန်မှာ အဝင်ပုံမှန်မြို့တွင်းသုံးပုံမှန် ဖြစ်၍ ကြီး ၂၂၀၀ ကျပ်၊ လတ် ၂၀၀၀ ကျပ်၊ သေး ၁၈၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

ကြက်သွန်ဖြူဈေးနှုန်းအနေဖြင့် ကြက်သွန်ဖြူ (တရုတ်)မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံး ပုံမှန်ရှိခြင်း၊ နယ်ဝေးတင်ပို့ရမှုနည်းခြင်းကြောင့် တစ်ပိဿာ ၉၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ ကြက်သွန်ဖြူ (ရှမ်း)မှာ ပစ္စည်းရှားခြင်းကြောင့် အရောင်း အဝယ်ဖြစ်မှု မရှိပါ။ ရွှေဘို ရွှေပန်ကုံးဘက်မှ ဝင်ရောက်သော ကြက်သွန်ဖြူ (မြန်မာ) မှာ အစိုဓာတ်ပါဝင်မှုနည်းပြီး အရည်အသွေးကောင်းလာသဖြင့် အရည်အသွေးအညံ့ဆုံးတစ်ပိဿာ ၈၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး အရည်အသွေးအကောင်းဆုံးမှာ တစ်ပိဿာ ၁၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

အားလူးဈေးနှုန်းအနေဖြင့် အောင်ပန်းအာလူးများ ဝင်ရောက်မှုမရှိပဲ တရုတ်အာလူး များသာ ဝင်ရောက်ခြင်း၊ မြို့တွင်းသုံး ပုံမှန်ဖြစ်ခြင်းကြောင့် တစ်ပိဿာ ၂၃၀၀ မှ ၂၅၀၀ ကျပ် သို့ ဈေးမြင့်သွားသည်။

ချင်းဈေးနှုန်းအနေဖြင့် အောင်ပန်း၊ ပြင်ဦးလွင်တို့မှ ဝင်ရောက်ပြီး တင်ပို့ရမှု မရှိခြင်းကြောင့် တစ်ပိဿာ ၄၀၀၀ ကျပ်မှ ၃၅၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

## ပဲမျိုးစုံ ဈေးကွက်

မန္တလေးပွဲစားကုန်သည် စက် ပိုင်ကထိန်တော်အသင်းတွင် ပဲမျိုးစုံဈေးနှုန်းအနေဖြင့် မတ်ပဲဈေးနှုန်းမှာ အဝင်နည်းသွားသော်လည်း ရန်ကုန်ဝယ်လက် အဝယ်နည်းခြင်း၊ အရည်အသွေး ပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် အရည်အသွေး အကောင်းဆုံး ၆၀ ပိဿာ ၂၈၈၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲတီစိမ်း (အညာ)မှာ အဝင်နည်းသွားသော်လည်း တရုတ်ဝယ်လက်နည်းခြင်း၊ ပဲခွဲစက်များဝယ်ယူမှုသာများခြင်းကြောင့်အရည်အသွေးအညံ့ဆုံး ၃ တင်းတစ်အိတ် ၁၅၅၀၀၀ ကျပ်မှ အကောင်းဆုံး ၁၈၅၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

ပဲစဉ်းငုံ (နီ)မှာ အသစ်ဝင်ရောက်ခြင်း၊ ရန်ကုန်ဝယ်လက်နည်းခြင်းကြောင့် ၃တင်း တစ်အိတ် ၃၇၇၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုတ် (ရှမ်း/မြန်မာ)တို့မှာ အသစ်ဝင်ရောက်မှုရှိခြင်း၊ လုပ်ငန်းသမား အဝယ်နည်းခြင်း၊ လှောင်သမား ထုတ်ရောင်းမှုရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ပဲပုတ် (မြန်မာ) ၃ တင်း တစ်အိတ် ၁၈၀၀၀၀ ကျပ်မှ ၁၅၅၀၀၀ ကျပ်သို့ ဈေးသိသိသာသာ နိမ့်သွားပြီး ပဲပုတ် (ရှမ်း)မှာ ဆီစက်သမားပုံမှန် ဝယ်ယူမှုရှိခြင်း၊ အသစ်အဝင်နည်းသေးခြင်းကြောင့် ၃ တင်း တစ်အိတ် ၁၇၅၀၀၀ ကျပ်မှ ၁၇၀၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။

ကုလားပဲဈေးနှုန်းများအနေဖြင့် အသစ်ဝင်ရောက်မှုရှိသော်လည်း လုပ်ငန်းသမားနှင့် ပဲခွဲစက်များ အဝယ်နည်းခြင်း၊ လက်ကျန်လှောင်သမား ထုတ်ရောင်းမှုရှိခြင်းကြောင့် ကုလားပဲ၊ (လုံးဖြူကြီး) ၃ တင်းတစ်အိတ် ၂၇၀၀၀၀ ကျပ် လုံးဝါးကြီးတစ်အိတ် ၂၆၀၀၀၀ ကျပ်၊ ကုလားပဲခွဲခြမ်း တစ်ပိဿာ ၆၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲယင်း၊ မြေတောက်ပဲ၊ စားတော်ပဲ (ကျွန်း) တို့မှာလည်း အသစ်ဝင်ရောက်မှုရှိခြင်း၊ လုပ်ငန်းသမား လက်လီသမား အဝယ်သာရှိခြင်းကြောင့် ပဲယင်း ၃တင်းတစ်အိတ် ၁၈၀၀၀၀ကျပ်မှ ၁၆၅၀၀၀ ကျပ်၊ မြေတောက်ပဲ ၅၄ ပိဿာ ၃၈၀၀၀၀ ကျပ်မှ ၃၇၀၀၀၀ ကျပ်၊ စားတော်ပဲ (ကျွန်း) ၃တင်းတစ်အိတ် ၃၅၀၀၀၀ ကျပ်မှ ၃၄၀၀၀၀ ကျပ်သို့ ဈေးအသီးသီး နိမ့်သွားသည်။

ပဲလွန်းဖြူ/ပြာတို့မှာလည်း အသစ်ဝင်ရောက်မှုရှိခြင်း၊ လက်လီသမားသာ အဝယ်သာ ရှိခြင်းကြောင့် ပဲလွန်းဖြူ ၃တင်းတစ်အိတ် ၂၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲလွန်းပြာမှာ အသစ်ဝင်ရောက်ခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၂၀၀၀၀ ကျပ်မှ ၁၉၃၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲကြီး (ကြီး/သေး) ထောပတ်ပဲ (ကြီး/သေး) တို့အနက် ပဲကြီး (ကြီး) မှာ အသစ်မဝင်သေးသဖြင့် အရောင်းအဝယ်အေးနေပြီး ပဲကြီး (သေး)မှာ အသစ်ဝင်ရောက်မှုရှိသော် လည်း လက်လီနှင့် လုပ်ငန်းသမား အဝယ်ရှိခြင်းကြောင့် ၃တင်း တစ်အိတ် ၃၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ထောပတ်ပဲ (ကြီး/သေး)တို့မှာ အသစ်ဝင်ရောက်မှုများခြင်း၊ လက်လီနှင့်လုပ်ငန်းသမား အဝယ်နည်းခြင်းကြောင့် ထောပတ်ပဲ၊ (ကြီး) ၃တင်း တစ်အိတ် ၄၈၀၀၀၀ ကျပ်မှ ၄၂၀၀၀၀ ကျပ်သို့ လည်းကောင်း၊

စာ-၁၂ သို့

# ၂၀၂၄ ဖေဖော်ဝါရီလ ထွင်းအားစု ဈေးနှုန်းများ (၁၅-၂-၂၀၂၄)

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ပဲခူး | စစ်ကိုင်း | ရောဝတီ | တနင်္သာရီ | ကရင် | မွန် | ရှမ်း(တောင်) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | | | | |
| | ယူရီးယား | | | | | | | | | | | | | |
| ၁ | မြင်းပျံ | အိတ် | ၅၀ ကီလို | ၇၅,၀၀၀ | ၈၆,၀၀၀ | | ၇၉,၀၀၀ | ၈၅,၀၀၀ | ၈၅,၀၀၀ | ၈၅,၀၀၀ | ၁၁၈,၅၀၀ | ၁၃၀,၀၀၀ | ၉၆,၀၀၀ | ၉၈,၀၀၀ |
| ၂ | ရွှေတောင် | အိတ် | ၅၀ ကီလို | ၇၂,၀၀၀ | ၈၃,၀၀၀ | ၈၀,၀၀၀ | ၇၉,၀၀၀ | ၈၀,၀၀၀ | ၈၄,၀၀၀ | ၇၈,၀၀၀ | ၁၀၃,၃၃၃ | | ၈၆,၅၀၀ | ၉၈,၀၀၀ |
| ၃ | ပြဿာ/ကောမက် | အိတ် | ၅၀ ကီလို | | ၈၅,၀၀၀ | ၈၅,၀၀၀ | ၈၀,၀၀၀ | ၈၀,၀၀၀ | ၈၅,၀၀၀ | ၈၀,၀၀၀ | ၉၂,၅၀၀ | | | ၉၈,၀၀၀ |
| ၄ | ရွှေနဂါး | တင်း | ၅၀ ကီလို | ၅၆,၀၀၀ | ၉၃,၀၀၀ | ၈၀,၀၀၀ | ၇၅,၀၀၀ | ၈၅,၀၀၀ | ၇၈,၀၀၀ | ၈၅,၀၀၀ | ၈၄,၅၀၀ | | | ၉၅,၀၀၀ |
| ၅ | ဝိစာရ | တင်း | ၅၀ ကီလို | | ၈၈,၀၀၀ | | | ၈၅,၀၀၀ | ၈၃,၀၀၀ | | ၈၅,၀၀၀ | | ၉၃,၅၀၀ | ၉၅,၀၀၀ |
| | တီစူပါ | | | | | | | | | | | | | |
| ၆ | သံကွင်း | အိတ် | ၅၀ ကီလို | | ၁၀၄,၀၀၀ | | ၈၅,၀၀၀ | ၁၀၀,၀၀၀ | ၁၂၃,၀၀၀ | ၁၀၇,၂၀၀ | ၁၂၆,၀၀၀ | ၁၂၀,၀၀၀ | ၁၁၆,၅၀၀ | ၉၈,၀၀၀ |
| ၇ | အာမို | အိတ် | ၅၀ ကီလို | ၁၆၀,၀၀၀ | ၁၁၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၅,၀၀၀ | ၁၀၅,၀၀၀ | ၁၁၅,၀၀၀ | | | ၁၀၀,၀၀၀ |
| ၈ | ပြဿာ/ကောမက် | အိတ် | ၅၀ ကီလို | ၁၆၀,၀၀၀ | ၁၁၄,၀၀၀ | ၁၀၂,၀၀၀ | ၁၁၀,၀၀၀ | ၁၀၅,၀၀၀ | ၁၁၀,၀၀၀ | ၁၁၄,၀၀၀ | ၁၄၅,၀၀၀ | | | ၁၀၀,၀၀၀ |
| ၉ | ဝိစာရ | အိတ် | ၅၀ ကီလို | | ၉၅,၀၀၀ | | ၉၆,၀၀၀ | ၁၀၅,၀၀၀ | ၁၀၅,၀၀၀ | | | | | ၉၈,၀၀၀ |
| | ပိုတက် | | | | | | | | | | | | | |
| ၁၀ | မာကိုတာ | အိတ် | ၅၀ ကီလို | ၁၅၀,၀၀၀ | ၁၁၅,၀၀၀ | ၁၂၅,၀၀၀ | ၉၅,၀၀၀ | ၁၁၀,၀၀၀ | ၁၁၅,၀၀၀ | | ၁၃၈,၃၃၃ | ၁၀၅,၀၀၀ | ၁၂၅,၀၀၀ | ၉၈,၀၀၀ |
| ၁၁ | ဝိစာရ | အိတ် | ၅၀ ကီလို | ၁၀၂,၀၀၀ | ၁၁၀,၀၀၀ | | | ၁၁၀,၀၀၀ | ၁၂၀,၀၀၀ | | ၁၅၀,၀၀၀ | | | ၉၈,၀၀၀ |
| ၁၂ | အာမို | အိတ် | ၅၀ ကီလို | ၁၆၀,၀၀၀ | ၁၁၀,၀၀၀ | ၁၃၀,၀၀၀ | ၁၂၅,၀၀၀ | ၁၁၅,၀၀၀ | ၁၂၀,၀၀၀ | ၁၁၀,၀၀၀ | ၁၃၅,၀၀၀ | ၁၃၀,၀၀၀ | | ၉၅,၀၀၀ |
| ၁၃ | ပြဿာ | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | ၁၃၀,၀၀၀ | ၁၁၀,၀၀၀ | ၁၁၅,၀၀၀ | ၁၂၅,၀၀၀ | ၁၁၁,၅၀၀ | ၁၂၀,၀၀၀ | | | ၉၅,၀၀၀ |
| | ကွန်ပေါင်း | | | | | | | | | | | | | |
| ၁၄ | ပြဿာ/ကောမက် | အိတ် | ၅၀ ကီလို | ၁၃၈,၀၀၀ | ၁၃၀,၀၀၀ | ၁၅၅,၀၀၀ | ၁၃၀,၀၀၀ | ၁၂၀,၀၀၀ | ၁၃၅,၀၀၀ | ၁၁၅,၀၀၀ | ၁၃၃,၃၃၃ | ၁၄၇,၀၀၀ | ၁၁၀,၀၀၀ | ၉၈,၀၀၀ |
| ၁၅ | အာမို | အိတ် | ၅၀ ကီလို | ၁၂၅,၀၀၀ | ၁၃၅,၀၀၀ | ၁၄၅,၀၀၀ | ၁၅၃,၀၀၀ | ၁၂၀,၀၀၀ | ၁၃၀,၀၀၀ | ၁၂၀,၀၀၀ | ၁၄၅,၀၀၀ | | | ၉၈,၀၀၀ |
| ၁၆ | ဝိစာရ | အိတ် | ၅၀ ကီလို | ၁၀၂,၀၀၀ | ၁၀၀,၀၀၀ | ၁၄၅,၀၀၀ | ၁၂၅,၀၀၀ | ၁၂၅,၀၀၀ | ၁၂၅,၀၀၀ | | ၁၃၀,၀၀၀ | | | ၉၈,၀၀၀ |
| ၁၇ | ရွှေနဂါး | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | | ၁၂၆,၀၀၀ | ၁၂၅,၀၀၀ | ၁၂၅,၀၀၀ | | | | ၉၃,၀၀၀ | ၉၅,၀၀၀ |
| ၁၈ | သံကွင်း | အိတ် | ၅၀ ကီလို | | ၁၂၀,၀၀၀ | | ၁၂၆,၀၀၀ | ၁၃၀,၀၀၀ | ၁၂၅,၀၀၀ | | ၁၂၃,၃၃၃ | | ၉၅,၀၀၀ | ၉၅,၀၀၀ |
| | ဂျစ်ပဆန် | | | | | | | | | | | | | |
| ၁၉ | ပြဿာ/ကောမက် | အိတ် | ၂၅ ကီလို | ၆,၅၀၀ | ၈,၀၀၀ | ၈,၀၀၀ | ၇,၅၀၀ | ၇,၅၀၀ | ၁၁,၀၀၀ | ၇,၀၀၀ | ၁၃,၀၀၀ | ၁၂,၀၀၀ | ၈,၀၀၀ | ၉၈,၀၀ |
| ၂၀ | အာမို | အိတ် | ၂၅ ကီလို | ၆,၀၀၀ | ၇,၀၀၀ | ၈,၀၀၀ | ၈,၀၀၀ | ၇,၅၀၀ | ၉,၀၀၀ | ၇,၀၀၀ | ၁၂,၀၀၀ | | | ၉၈,၀၀ |
| | ရွက်ဖျန်းမြေဩဇာ | | | | | | | | | | | | | |
| ၂၁ | ပြဿာ/ကောမက် | ဗူး | ၅၀၀ စီစီ | ၅,၃၅၀ | ၁၀,၃၀၀ | ၇,၀၀၀ | ၈,၅၀၀ | ၂၁,၀၀၀ | ၁၁,၀၀၀ | | ၈,၆၅၀ | ၈,၀၀၀ | | ၁၃,၀၀၀ |
| ၂၂ | အာမို | ထုပ် | ၅၀၀ ဂရမ် | ၆,၀၀၀ | ၁၃,၀၀၀ | ၁၁,၀၀၀ | ၉,၀၀၀ | ၁၂,၀၀၀ | ၉,၅၀၀ | ၇,၅၀၀ | ၈,၉၀၀ | | ၃၅,၀၀၀ | ၁၂,၅၀၀ |
| | ပိုးသတ်ဆေး | | | | | | | | | | | | | |
| ၂၃ | တင်းရုန့် | ဗူး | ၅၀၀ စီစီ | | | ၂၉,၅၀၀ | | ၃၁,၀၀၀ | ၂၄,၀၀၀ | | ၂၀,၀၀၀ | | | ၂၁,၀၀၀ |
| ၂၄ | ဒါနာဒင် | ဗူး | ၅၀၀ စီစီ | | ၂၉,၀၀၀ | ၂၈,၀၀၀ | ၁၅,၇၀၀ | ၃၀,၀၀၀ | ၂၉,၀၀၀ | | ၂၇,၂၆၇ | | ၂၄,၀၀၀ | ၁၈,၅၀၀ |
| ၂၅ | ဖိုင်းယား | ဗူး | ၅၀၀ စီစီ | ၂၅,၀၀၀ | ၂၈,၅၀၀ | ၂၆,၁၀၀ | | ၂၄,၀၀၀ | ၂၅,၀၀၀ | ၂၄,၅၀၀ | ၂၆,၅၀၀ | | | ၂၂,၅၀၀ |
| ၂၆ | ဖျူရီ | ဗူး | ၅၀၀ စီစီ | | | | | ၂၆,၀၀၀ | ၂၈,၀၀၀ | | ၂၈,၀၀၀ | | | |
| ၂၇ | ဘက်တား | ထုပ် | ၅၀၀ ဂရမ် | ၄၉,၀၀၀ | ၂၃,၅၀၀ | ၅၀,၀၀၀ | ၂၀,၅၀၀ | ၂၅,၀၀၀ | ၃၈,၀၀၀ | ၄၂,၀၀၀ | ၄၀,၀၀၀ | ၅၀,၀၀၀ | ၂၈,၀၀၀ | ၂၄,၀၀၀ |
| | မှိုသတ်ဆေး | | | | | | | | | | | | | |
| ၂၈ | ကာဆူမင် | ဗူး | ၅၀၀ စီစီ | | | ၂၂,၅၀၀ | | ၂၆,၀၀၀ | ၃၃,၀၀၀ | ၂၄,၀၀၀ | ၂၅,၁၆၇ | ၃၅,၀၀၀ | | ၂၁,၀၀၀ |
| ၂၉ | ဆင်နာဂျီ | ထုပ် | ၅၀၀ ဂရမ် | | ၂၀,၀၀၀ | ၁၉,၈၀၀ | ၁၉,၅၀၀ | ၂၃,၅၀၀ | ၁၉,၀၀၀ | | ၂၅,၀၀၀ | ၂၇,၅၀၀ | ၁၄,၅၀၀ | ၂၅,၀၀၀ |
| ၃၀ | မန်ကိုဇက် | ထုပ် | ၅၀၀ ဂရမ် | ၁၂,၀၀၀ | ၂၀,၀၀၀ | ၁၃,၅၀၀ | | ၁၈,၀၀၀ | ၁၁,၀၀၀ | ၁၇,၀၀၀ | ၂၂,၇၅၀ | ၁၉,၀၀၀ | | ၁၂,၀၀၀ |
| ၃၁ | ယူနတီ | ဗူး | ၅၀၀ စီစီ | ၄၃၅,၀၀ | | ၄၆,၅၀၀ | ၄၄,၅၀၀ | ၃၄,၀၀၀ | ၅၅,၀၀၀ | ၇၂,၅၀၀ | ၇၂,၀၀၀ | ၄၂,၅၀၀ | ၄၄,၀၀၀ | ၄၅,၀၀၀ |
| ၃၂ | ဟက်ဇာဒွန်/ဟက်ဇာဂိုနားနိုး | ဗူး | ၅၀၀ စီစီ | ၁၅,၀၀၀ | ၁၉,၀၀၀ | | | ၂၁,၀၀၀ | ၂၀,၀၀၀ | | ၂၀,၀၀၀ | ၃၀,၀၀၀ | ၃၄,၅၀၀ | ၁၄,၅၀၀ |
| ၃၃ | အာမိုခရောင်း | ထုပ် | ၅၀၀ ဂရမ် | ၁၆,၂၅၀ | | ၃၂,၅၀၀ | | ၂၄,၀၀၀ | ၃၂,၀၀၀ | ၂၅,၀၀၀ | ၁၈,၄၀၀ | | | ၁၂,၀၀၀ |
| | ပေါင်းသတ်ဆေး | | | | | | | | | | | | | |
| ၃၄ | ကွန်ပလီ | ထုပ် | ၅၀၀ ဂရမ် | ၃၃,၀၀၀ | | ၄၀,၀၀၀ | | ၃၄,၀၀၀ | ၃၀,၀၀၀ | ၂၈,၀၀၀ | ၃၀,၀၀၀ | | ၁၆,၅၀၀ | ၂၁,၀၀၀ |
| ၃၅ | ဂလိုင်ဖိုဆိတ်/ပေါင်းကေလာ | ဗူး | ၁ လီတာ | ၁၄,၈၀၀ | ၁၆,၅၀၀ | ၁၈,၁၀၀ | ၄၈,၀၀၀ | ၂၃,၀၀၀ | ၂၂,၅၀၀ | ၂၅,၀၀၀ | ၁၇,၀၀၀ | ၅၆,၀၀၀ | ၁၆,၅၀၀ | ၂၃,၀၀၀ |
| ၃၆ | ဂျင်နရယ် | ဗူး | ၁ လီတာ | | | | | ၂၄,၀၀၀ | ၂၂,၅၀၀ | | ၁၅,၀၀၀ | | ၁၆,၀၀၀ | ၂၃,၀၀၀ |
| ၃၇ | ဇောင်းထက်(40wp) | ထုပ် | ၅၀၀ ဂရမ် | ၃၇,၅၀၀ | | | | ၂၉,၀၀၀ | ၂၁,၀၀၀ | | ၂၄,၃၀၀ | | | ၁၂,၅၀၀ |
| ၃၈ | ဖော်ကျွန်း | ဗူး | ၅၀၀ စီစီ | ၂၅,၀၀၀ | ၃၀,၀၀၀ | ၃၀,၀၀၀ | ၁၃,၅၀၀ | ၂၄,၅၀၀ | ၂၄,၅၀၀ | | ၂၅,၀၀၀ | ၂၉,၀၀၀ | ၁၆,၀၀၀ | ၁၄,၀၀၀ |
| ၃၉ | မက်ဖိုက်တာ | ထုပ် | ၅၀၀ ဂရမ် | | | | | ၁၆,၀၀၀ | ၂၇,၀၀၀ | | ၂၅,၀၀၀ | | | ၁၅,၀၀၀ |
| ၄၀ | ဝိစာရ | ဗူး | ၅၀၀ စီစီ | | | | | ၃၀,၀၀၀ | ၂၇,၀၀၀ | | | | ၃၁,၀၀၀ | ၂၀,၅၀၀ |
| | ဟော်မုန်း | | | | | | | | | | | | | |
| ၄၁ | ဂရိုးဩ | ထုပ် | ၁၀ စီစီ | ၁,၆၀၀ | | ၁,၇၀၀ | ၂,၀၀၀ | ၂,၂၀၀ | ၁,၃၀၀ | ၃,၀၀၀ | ၁,၂၀၀ | | | |
| ၄၂ | ဖာတီစတက် | ဗူး | ၅၀၀ စီစီ | | | | | ၁၅,၀၀၀ | ၂၈,၀၀၀ | | | ၁၇,၅၀၀ | ၂၃,၅၀၀ | ၇,၀၀၀ |
| ၄၃ | မော်ရယ်မုန်း/လစ်တိုဇင် | ဗူး | ၅၀၀ စီစီ | ၂၃,၀၀၀ | | ၂၇,၄၀၀ | ၁၀,၀၀၀ | ၂၆,၀၀၀ | ၂၃,၀၀၀ | | ၁၉,၂၅၀ | ၄၃,၀၀၀ | ၃၉,၀၀၀ | ၁၅,၀၀၀ |
| ၄၄ | အာမို | ဗူး | ၅၀၀ စီစီ | | | | | ၁၆,၀၀၀ | ၂၃,၀၀၀ | | ၂၈,၀၀၀ | | | ၁၆,၅၀၀ |
| ၄၅ | GA3 | ထုပ် | ၁၀ ဂရမ် | ၂,၀၀၀ | | | ၂,၂၀၀ | ၂,၃၀၀ | ၂,၀၀၀ | ၂,၅၀၀ | ၂,၇၅၀ | ၂,၅၀၀ | ၂,၇၀၀ | ၄,၀၀၀ |

စိုက်ပျိုးရေးဦးစီးဌာန စီမံကိန်းရေးဆွဲသုံးသပ်ရေးဌာနခွဲ ဈေးကွက်သတင်းအချက်အလက်စနစ် ဌာနစိတ်မှ ပြုစုသည်

# ၂၀၂၄ ဖေဖော်ဝါရီလ သွင်းအားစု ဈေးနှုန်းများ (၁၅ - ၂ - ၂၀၂၄)

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ပဲခူး | စစ်ကိုင်း | ဧရာဝတီ | တနင်္သာရီ | ကရင် | မွန် | ရှမ်း(တောင်) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | | | | |
| | **မျိုးစေ့** | | | | | | | | | | | | | |
| ၄၆ | မနောသုခ(မျိုး) | တင်း | ၄၆ ပေါင် | ၃၅,၀၀၀ | | ၄၄,၀၀၀ | ၂၇,၀၀၀ | ၃၀,၀၀၀ | ၃၅,၀၀၀ | ၂၅,၀၀၀ | ၂၂,၇၅၀ | ၁၇,၀၀၀ | | |
| ၄၇ | ဆင်းသုခ(မျိုး) | တင်း | ၄၆ ပေါင် | ၃၅,၀၀၀ | ၂၀,၀၀၀ | ၄၄,၀၀၀ | ၂၇,၀၀၀ | ၃၀,၀၀၀ | ၃၅,၀၀၀ | ၂၅,၀၀၀ | ၂၂,၂၅၀ | ၁၈,၀၀၀ | | |
| ၄၈ | ဧရာမင်း(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၃၀,၀၀၀ | ၄၈,၀၀၀ | ၃၅,၀၀၀ | | ၄၀,၀၀၀ | ၃၀,၀၀၀ | ၂၃,၂၅၀ | | | |
| ၄၉ | ပေါ်ဆန်းမွှေး(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၃၀,၀၀၀ | | | | ၅၀,၀၀၀ | | ၂၆,၀၀၀ | | | |
| ၅၀ | လုံးသွယ်မွှေး(မျိုး) | တင်း | ၄၆ ပေါင် | | | | | | ၃၅,၀၀၀ | | | | | |
| ၅၁ | ရွှေရင်အေး(မျိုး) | တင်း | ၄၆ ပေါင် | | | | | | ၃၀,၀၀၀ | | | | | ၂၀,၀၀၀ |
| ၅၂ | ပေါ်ဆန်းရင်(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၂၄,၀၀၀ | | | | ၅၀,၀၀၀ | ၃၇,၀၀၀ | ၂၅,၂၅၀ | | | |
| ၅၃ | ရတနာတိုး(မျိုး) | တင်း | ၄၆ ပေါင် | ၃၂,၀၀၀ | | | ၂၂,၀၀၀ | ၃၀,၀၀၀ | ၂၅,၀၀၀ | | | | | |
| ၅၄ | ရွှေသွယ်ရင်(မျိုး) | တင်း | ၄၆ ပေါင် | | | ၃၆,၀၀၀ | | | ၂၅,၀၀၀ | | | | | |
| ၅၅ | ဆင်းသွယ်လတ်(မျိုး) | တင်း | ၄၆ ပေါင် | | | | | ၃၀,၀၀၀ | ၃၀,၀၀၀ | | ၂၂,၂၅၀ | ၁၇,၀၀၀ | | |
| ၅၆ | မှော်ဘီ-၂ (မျိုး) | တင်း | ၄၆ ပေါင် | | | | ၂၅,၀၀၀ | ၃၀,၀၀၀ | | | ၂၈,၅၀၀ | | | |
| ၅၇ | ထိုင်းနံ့ကောက် (မျိုး) | တင်း | ၄၆ ပေါင် | ၃၂,၀၀၀ | | | | ၃၀,၀၀၀ | | | | | | |
| ၅၈ | ဆင်းကေရီ-၃ (မျိုး) | တင်း | ၄၆ ပေါင် | | | | | | | | | | | |

စိုက်ပျိုးရေးဦးစီးဌာန စီမံကိန်းရေးဆွဲသုံးသပ်ရေးဌာနခွဲ ဈေးကွက်သတင်းအချက်အလက်စနစ် ဌာနစိတ်မှ ပြုစုသည်

# ရေလှောင်တမံများနှင့် ဆက်စပ်သည့် ရေကြီးမှုအန္တရာယ်အခြေပြ မြေပုံထုတ်ခြင်း သင်တန်းဖွင့်လှစ်



နေပြည်တော်၊ ဖေဖော်ဝါရီ ၁၅

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန က ရေလှောင်တမံများနှင့် ဆက်စပ်သည့် ရေကြီးမှုအန္တရာယ် အခြေပြမြေပုံထုတ်ခြင်း သင်တန်း(Dam Break Flood Hazard Mapping Using HEC-RAS and QGIS)ဖွင့်ပွဲကို ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ(ပဲခူး)၌ ၂၀၂၄ ဖေဖော်ဝါရီ ၁၃ ရက်နေ့က ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနား သို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ( အောက်မြန်မာပြည် )၊ ဦးဇော်မင်းထွဋ် တက်ရောက်ဖွင့်လှစ် အမှာစကား ပြောကြားခဲ့သည်။ ပြောင်းလဲလာသည့်ရာသီဥတုဖြစ်စဉ်များကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးခေါင်ခြင်း စသည့် အခြေအနေများအပေါ် ရေလှောင်တမံ၊ ဆည်ကန်များ၏ ရေပြည့်မီစွာ သိုလှောင်နိုင်ရေး၊ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးတို့ကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန် အရေး ကြီးပြီး ရေလှောင်တမံ၊ ဆည်၊ကန်များ၏ ရေသိုလှောင်နိုင်စွမ်း၊ ရေဝင်ရောက်နိုင်သည့် အခြေ အနေများနှင့် ရေလွှတ်မည့် တမံအောက်ဘက် ဒေသများတွင် ရေကြီးနစ်မြုပ်နိုင်မှု အခြေအနေ၊ ရေကြီးမှုလွတ်ကင်းနိုင်သည့် နေရာများ နှင့် ရေကြီးနစ်မြုပ်မှုအရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ထိရောက်မှုအနည်းဆုံး ဖြစ်အောင်ဆောင်ရွက်ရမည့် အစီအစဉ်များ စီမံဆောင်ရွက်နိုင်ရေး ရေလှောင် တမံများနှင့် ဆက်စပ်သည့် ရေကြီးမှုအန္တရာယ်အခြေပြမြေပုံဖြင့် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ၂၀၂၃ ဇန်နဝါရီလက ပထမဆုံးအကြိမ်အဖြစ် ဦးစီးအရာရှိ(မြို့ပြ) သင်တန်းသား ဦးရေ ၄၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး ယခုအကြိမ်မှာ ဒုတိယအကြိမ်အဖြစ် ပထမအကြိမ် သင်တန်းသားများထဲမှ သင်တန်းသား(၂၅)ဦးကို အရည်အသွေးမြှင့်တင်သည့်အနေနှင့် ရက်သတ္တပတ်(၂)ပတ်ကြာ ဖွင့်လှစ်ပို့ချခြင်းဖြစ်သည်။ အဆိုပါသင်တန်းတွင် ဆည်တမံများ၏ ဘေးအန္တရာယ်ကျရောက်နိုင်မှု လေ့လာခြင်းဘာသာရပ်များနှင့် မြေပုံပြုလုပ်ရေးဆွဲခြင်း ဘာသာရပ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဇော်ဇော်လတ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာတင့်တို့မှ သင်ကြားပို့ချကြကြောင်းသိရသည်။

IWUMD



AgribizNews ဝက်ဘ်ဆိုက်နှင့် e-Paper တို့တွင်

ကြော်ငြာများထည့်သွင်းနိုင်ပါပြီ

ဆက်သွယ်ရန်- ၀၆၇-၃၄၁၀၆၁၆ (e-government ဌာနခွဲ)

# တိုင်းဒေသကြီး ပြည်နယ်အလိုက် သီးနှံလက်ကားဈေးနှုန်းများ (၁၅-၂-၂၀၂၅)

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | ပဲခူး | စစ်ကိုင်း | ဧရာဝတီ | တနင်္သာရီ | ကရင် | မွန် | ရှမ်း(တောင်) | ရှမ်း(အရှေ့) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | | | | |
| | **စပါး** | | | | | | | | | | | | | |
| ၁ | မနောသုခ | တင်း | ၄၆ ပေါင် | ၂၅,၅၀၀ | ၂၃,၀၀၀ | ၂၄,၀၀၀ | ၂၂,၀၀၀ | ၂၆,၀၀၀ | ၂၀,၅၀၀ | ၂၂,၅၀၀ | ၁၉,၀၀၀ | ၂၂,၀၀၀ | | |
| ၂ | ဆင်းသုခ | တင်း | ၄၆ ပေါင် | ၂၅,၅၀၀ | ၂၃,၀၀၀ | | ၂၂,၀၀၀ | ၂၆,၀၀၀ | ၂၀,၅၀၀ | ၂၀,၃၃၃ | ၂၀,၀၀၀ | ၂၂,၀၀၀ | | |
| ၃ | ဧရာမင်း | တင်း | ၄၆ ပေါင် | ၃၂,၀၀၀ | ၂၅,၀၀၀ | ၃၄,၀၀၀ | ၂၅,၀၀၀ | ၃၆,၀၀၀ | ၂၂,၀၀၀ | ၂၀,၃၃၃ | ၂၂,၀၀၀ | | | |
| ၄ | ပေါ်ဆန်းမွှေး | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၂၈,၀၀၀ | ၃၉,၀၀၀ | ၃၄,၂၀၀ | ၄၂,၀၀၀ | | ၂၂,၁၆၇ | ၂၅,၀၀၀ | ၃၃,၀၀၀ | | |
| | **အခြားနှံစားသီးနှံ** | | | | | | | | | | | | | |
| ၅ | အစေ့ထုတ်ပြောင်း | တင်း | ၁၈ ပိဿာ | ၁၈,၀၀၀ | | ၂၃,၀၀၀ | ၂၀,၀၀၀ | ၁၈,၀၀၀ | ၂၂,၀၀၀ | | ၂၄,၀၀၀ | | ၃၀,၀၀၀ | ၂၈,၀၀၀ |
| | **ပဲမျိုးစုံ** | | | | | | | | | | | | | |
| ၆ | မတ်ပဲ | တင်း | ၁၉.၄၄ ပိဿာ | ၁၂၀,၀၀၀ | ၁၀၂,၀၀၀ | ၉၈,၅၀၀ | ၉၃,၀၀၀ | ၈၅,၀၀၀ | ၁၀၃,၀၀၀ | ၈၆,၁၆၇ | ၇၂,၀၀၀ | ၁၀၀,၀၀၀ | ၆၀,၀၀၀ | ၁၀၀,၀၀၀ |
| ၇ | ပဲတီစိမ်း | တင်း | ၁၉.၄၄ ပိဿာ | ၈၀,၀၀၀ | ၉၅,၀၀၀ | ၆၄,၀၀၀ | ၈၂,၀၀၀ | ၅၃,၀၀၀ | ၇၂,၀၀၀ | ၆၂,၀၀၀ | ၇၃,၀၀၀ | ၈၂,၀၀၀ | ၆၅၀,၀၀၀ | ၈၀,၀၀၀ |
| ၈ | ပဲစင်းငုံ | တင်း | ၁၉.၄၄ ပိဿာ | ၉၅,၀၀၀ | | ၁၁၃,၅၀၀ | ၉၅,၀၀၀ | ၈၅,၀၀၀ | | ၁၂၇,၅၀၀ | | | ၇၀,၀၀၀ | |
| ၉ | ကုလားပဲ (လုံးသေး) | တင်း | ၁၈.၆၃ ပိဿာ | ၉၀,၀၀၀ | | ၉၈,၅၀၀ | ၈၇,၀၀၀ | ၇၉,၀၀၀ | ၄၈,၅၀၀ | | | | ၇၃,၀၀၀ | |
| ၁၀ | ကုလားပဲ (လုံးကြီး) | တင်း | ၁၈.၆၃ ပိဿာ | ၉၀,၀၀၀ | | ၁၀၈,၀၀၀ | ၉၁,၀၀၀ | ၉၀,၀၀၀ | ၄၉,၅၀၀ | | | | ၈၅,၀၀၀ | ၁၁၀,၀၀၀ |
| ၁၁ | ကုလားပဲ (ခြမ်း) | ပိဿာ | | | ၆,၇၀၀ | ၆,၂၀၀ | ၇,၀၀၀ | ၆,၀၀၀ | ၇,၀၀၀ | ၆,၇၅၀ | ၈,၀၀၀ | ၇,၈၀၀ | ၈,၅၀၀ | |
| ၁၂ | ပဲပုတ် | တင်း | ၁၉.၄၄ ပိဿာ | | | ၆၉,၅၀၀ | ၆၈,၀၀၀ | ၆၂,၀၀၀ | | | ၅၆,၀၀၀ | ၆၀,၀၀၀ | ၆၈,၀၀၀ | ၆၅,၀၀၀ |
| | **ဆီထွက်** | | | | | | | | | | | | | |
| ၁၃ | နှမ်းနက် | တင်း | ၁၄.၈၅ ပိဿာ | ၁၃၃,၆၀၀ | | ၁၂၄,၅၀၀ | ၉၈,၀၀၀ | ၁၀၃,၀၀၀ | ၇၄,၀၀၀ | ၁၂၄,၅၀၀ | ၉၂,၀၀၀ | ၁၁၀,၀၀၀ | ၁၁၀,၀၀၀ | ၉၂,၀၀၀ |
| ၁၄ | နှမ်းနီ | တင်း | ၁၄.၈၅ ပိဿာ | ၇၄,၀၀၀ | | ၁၀၆,၅၀၀ | ၉၇,၀၀၀ | ၉၈,၀၀၀ | | | | | ၁၂၅,၀၀၀ | |
| ၁၅ | နှမ်းဖြူ | တင်း | ၁၄.၈၅ ပိဿာ | | | | ၉၇,၀၀၀ | ၁၁၀,၀၀၀ | | | | | ၁၃၀,၀၀၀ | |
| ၁၆ | မြေပဲ(အဆန်) | ပိဿာ | | ၆,၈၀၀ | ၇,၀၀၀ | ၈,၀၀၀ | ၈,၀၀၀ | ၆,၀၀၀ | ၈,၇၀၀ | ၈,၃၀၀ | ၉,၀၀၀ | | ၉,၅၀၀ | |
| ၁၇ | မြေပဲ(အတောင့်) | တင်း | ၆.၇၅ ပိဿာ | ၃၀,၀၀၀ | ၃၀,၀၀၀ | ၃၇,၀၀၀ | ၃၅,၀၀၀ | ၂၈,၀၀၀ | | | ၁၆,၀၀၀ | | ၄၀,၀၀၀ | ၂၉,၀၀၀ |
| ၁၈ | နေကြာ | တင်း | ၈.၆၄ ပိဿာ | ၄၀,၀၀၀ | | ၅၃,၀၀၀ | ၃၅,၀၀၀ | ၄၄,၀၀၀ | | | | | ၄၅,၀၀၀ | ၃၅,၀၀၀ |
| | **စက်မှုကုန်ကြမ်းသီးနှံ** | | | | | | | | | | | | | |
| ၁၉ | ဝါ(ချည်မျှင်တို) | ပိဿာ | | | | ၂,၅၀၀ | ၂,၄၀၀ | ၁,၈၀၀ | | | | | | |
| ၂၀ | ဝါ(ချည်မျှင်ရှည်) | ပိဿာ | | ၂,၈၀၀ | | ၃,၁၀၀ | ၃,၃၀၀ | ၂,၅၀၀ | | | | | ၄,၂၀၀ | |
| ၂၁ | ချက်ကြံ | တန် | | ၁၃၀,၀၀၀ | | | ၁၀၀,၀၀၀ | ၆၀,၀၀၀ | | | ၆၆,၀၀၀ | ၇၇,၀၀၀ | ၅၅,၀၀၀ | |
| ၂၂ | စားကြံ | တန် | | | | | | | | ၁၁၂,၀၀၀ | ၈၀,၀၀၀ | | | |
| | **ဆန်** | | | | | | | | | | | | | |
| ၂၃ | မနောသုခ(ဆန်) | အိတ် | ၃၀ ပိဿာ | ၈၂,၀၀၀ | ၉၀,၀၀၀ | ၁၀၅,၀၀၀ | ၈၈,၀၀၀ | ၁၀၀,၀၀၀ | ၈၀,၀၀၀ | ၈၄,၅၀၀ | ၈၄,၀၀၀ | ၉၃,၀၀၀ | | |
| ၂၄ | ဆင်းသုခ(ဆန်) | အိတ် | ၃၀ ပိဿာ | ၈၀,၀၀၀ | ၉၀,၀၀၀ | | ၈၈,၀၀၀ | ၁၀၅,၀၀၀ | ၈၀,၀၀၀ | ၈၄,၆၆၇ | ၈၄,၀၀၀ | ၉၃,၀၀၀ | | |
| ၂၅ | ဧရာမင်း(ဆန်) | အိတ် | ၃၀ ပိဿာ | ၁၅၀,၀၀၀ | ၁၀၅,၀၀၀ | ၁၆၃,၀၀၀ | ၁၀၀,၀၀၀ | ၁၄၈,၀၀၀ | ၈၈,၀၀၀ | ၈၉,၁၆၇ | ၈၇,၀၀၀ | ၉၅,၀၀၀ | | ၈၅,၀၀၀ |
| ၂၆ | ပေါ်ဆန်းမွှေး(ဆန်) | အိတ် | ၃၀ ပိဿာ | ၁၅၅,၀၀၀ | ၁၂၀,၀၀၀ | ၁၆၈,၅၀၀ | ၁၈၀,၀၀၀ | ၁၇၀,၀၀၀ | | ၁၂၅,၀၀၀ | ၁၄၈,၀၀၀ | | ၁၄၅,၀၀၀ | ၁၁၅,၀၀၀ |
| | **စားဖိုဆောင်သီးနှံ** | | | | | | | | | | | | | |
| ၂၇ | ကြက်သွန်နီ(အကြီး) | ပိဿာ | | ၂,၅၀၀ | ၂,၇၀၀ | ၃,၀၀၀ | ၃,၂၀၀ | ၃,၂၀၀ | ၃,၀၀၀ | ၃,၃၅၀ | ၅,၀၀၀ | ၃,၇၀၀ | ၄,၅၀၀ | |
| ၂၈ | ကြက်သွန်နီ(အလတ်) | ပိဿာ | | ၂,၂၀၀ | ၂,၃၀၀ | ၂,၅၀၀ | ၂,၉၀၀ | ၂,၃၀၀ | ၂,၆၀၀ | ၂,၆၀၀ | ၄,၀၀၀ | ၃,၄၀၀ | ၃,၅၀၀ | |
| ၂၉ | ကြက်သွန်နီ(အသေး) | ပိဿာ | | ၁,၅၀၀ | ၁,၃၀၀ | ၂,၂၀၀ | ၂,၆၀၀ | ၂,၀၀၀ | ၂,၂၀၀ | ၃,၃၀၀ | ၃,၅၀၀ | ၃,၀၀၀ | ၃,၀၀၀ | |
| ၃၀ | ကြက်သွန်ဖြူ(ဗမာ) | ပိဿာ | | ၁၃,၅၀၀ | ၁၆,၇၀၀ | ၁၄,၅၀၀ | ၁၄,၀၀၀ | ၁၆,၀၀၀ | ၁၃,၀၀၀ | ၁၀,၄၀၀ | ၁၇,၀၀၀ | ၁၇,၅၀၀ | | |
| ၃၁ | ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | | ၁၅,၀၀၀ | ၁၆,၇၀၀ | ၁၅,၅၀၀ | ၁၂,၅၀၀ | ၁၇,၀၀၀ | ၁၃,၀၀၀ | ၁၈,၂၅၀ | | ၂၀,၀၀၀ | ၁၁,၀၀၀ | |
| ၃၂ | ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | | | ၈,၂၀၀ | ၁၀,၀၀၀ | ၁၂,၅၀၀ | ၁၀,၀၀၀ | | ၁၃,၅၀၀ | | ၁၀,၀၀၀ | | |
| ၃၃ | ငရုတ်အစို(ရှည်) | ပိဿာ | | ၂,၅၀၀ | ၂,၀၀၀ | ၄,၀၀၀ | ၃,၀၀၀ | ၄,၅၀၀ | | ၉,၅၀၀ | ၅,၀၀၀ | ၇,၆၀၀ | ၆,၅၀၀ | |
| ၃၄ | ငရုတ်အစို(ပွ) | ပိဿာ | | | ၃,၅၀၀ | ၇,၀၀၀ | ၄,၀၀၀ | ၈,၀၀၀ | | ၁၉,၅၀၀ | | ၁၂,၀၀၀ | ၅,၅၀၀ | |
| ၃၅ | ငရုတ်အစို(ပီနန်) | ပိဿာ | | | ၇,၀၀၀ | | ၉,၀၀၀ | ၄,၀၀၀ | | | | | ၇,၅၀၀ | |
| ၃၆ | ငရုတ်အခြောက်(ရှည်) | ပိဿာ | | ၂၀,၀၀၀ | ၁၁,၀၀၀ | ၂၅,၀၀၀ | ၁၇,၅၀၀ | ၁၈,၀၀၀ | ၁၃,၀၀၀ | ၁၃,၆၀၀ | ၁၉,၀၀၀ | ၁၂,၅၀၀ | ၁၃,၀၀၀ | |
| ၃၇ | ငရုတ်အခြောက်(ပွ) | ပိဿာ | | | ၂၀,၀၀၀ | ၂၇,၀၀၀ | ၂၁,၅၀၀ | ၁၈,၀၀၀ | | ၁၅,၇၅၀ | | ၁၆,၀၀၀ | ၁၂,၀၀၀ | |
| ၃၈ | ငရုတ်အခြောက်(ပီနန်) | ပိဿာ | | | | | | | | ၁၁,၅၀၀ | | | ၂၉,၀၀၀ | |
| ၃၉ | ခရမ်းချဉ်(ဗမာ) | ပိဿာ | | ၈၀၀ | ၇၀၀ | ၃,၄၀၀ | ၂,၀၀၀ | ၁,၀၀၀ | ၂,၅၀၀ | ၂,၇၀၀ | ၂,၇၅၀ | ၂,၆၀၀ | ၂,၂၀၀ | |
| ၄၀ | ခရမ်းချဉ်(ရှမ်း) | ပိဿာ | | ၁,၀၀၀ | | ၁,၄၀၀ | ၂,၅၀၀ | ၂,၀၀၀ | | ၃,၅၀၀ | | ၁,၆၀၀ | ၁,၇၀၀ | |
| ၄၁ | အာလူး | ပိဿာ | | ၃,၅၀၀ | ၂,၉၀၀ | ၃,၈၀၀ | ၃,၀၀၀ | ၃,၅၀၀ | ၄,၀၀၀ | ၃,၂၅၀ | ၃,၅၀၀ | ၂,၈၀၀ | ၃,၈၀၀ | |
| | **ဆီ** | | | | | | | | | | | | | |
| ၄၂ | မြေပဲဆီ | ပိဿာ | | ၁၆,၀၀၀ | ၁၅,၀၀၀ | ၁၅,၀၀၀ | ၁၇,၀၀၀ | ၁၃,၀၀၀ | ၁၆,၀၀၀ | ၁၇,၀၀၀ | ၁၆,၀၀၀ | ၁၇,၅၀၀ | ၁၃,၀၀၀ | |
| ၄၃ | နှမ်းဆီ | ပိဿာ | | ၁၆,၀၀၀ | | ၁၄,၅၀၀ | ၁၄,၀၀၀ | ၁၂,၀၀၀ | | ၁၄,၅၀၀ | ၁၇,၀၀၀ | | ၁၄,၀၀၀ | |
| ၄၄ | နေကြာဆီ | ပိဿာ | | ၁၅,၀၀၀ | ၁၄,၀၀၀ | ၁၂,၅၀၀ | ၁၅,၀၀၀ | ၁၂,၀၀၀ | | ၁၅,၇၅၀ | | | ၁၄,၅၀၀ | |
| ၄၅ | ပဲပုတ်ဆီ | ပိဿာ | | | | ၆,၅၀၀ | | ၁၁,၀၀၀ | | ၁၁,၀၀၀ | ၁၁,၀၀၀ | ၁၀,၅၀၀ | ၁၃,၀၀၀ | |
| ၄၆ | စားအုန်းဆီ | ပိဿာ | | ၇,၀၀၀ | ၆,၀၀၀ | ၉,၅၀၀ | ၆,၅၀၀ | ၇,၅၀၀ | ၆,၅၀၀ | ၇,၄၅၀ | ၉,၀၀၀ | ၈,၂၀၀ | ၉,၀၀၀ | |
| ၄၇ | ဝါစေ့ဆီ | ပိဿာ | | | | ၇,၀၀၀ | | | | | | | | |

စိုက်ပျိုးရေးဦးစီးဌာန စီမံကိန်းရေးဆွဲသုံးသပ်ရေးဌာနခွဲ ဈေးကွက်သတင်းအချက်အလက်စနစ် ဌာနစိတ်မှ ပြုစုသည်

## သဘာဝကပေးအစာနှင့်ဆေး



# ဆေးဖက်ဝင်တမာ

ကြေးမုံငယ်

"အမှတ်တရရင်ထဲရှိတယ် သူနဲ့ဆုံတွေ့ခဲ့ရာ တမာရနံ့လေး သင်းသင်းမွှေးတဲ့ အညာမြေကို ပြန်သတိရနေသည်"" တမာတောမှာ ပျော်တယ်ဆိုတဲ့ မောင်ရေမောင်ရေ ... အညာမြေကို မေ့လို့လား . .. အညာသူလေးကို မေ့လို့လား. . ." အစချီတဲ့ တေးသွားလေးအတိုင်း အညာမြေနှင့်တမာပင်သည် ခွဲခြားမရသကဲ့သို့ တမာနှင့်ပတ်သက်လျှင် အနုပညာရှင်ကြီးများက တေးသီချင်းမျိုးစုံ ရေးစပ်ဖွဲ့ ကုံးကာ တေးသံရှင်များစွာကလည်း သီဆိုခဲ့ကြ၏။

"အိမ်ရှေ့တမာ၊ နောက်ဖေးခံတက်စီးပွားတက်" ဟုဆိုသည့် ဆိုရိုးစကားအရ မြန်မာ့လူနေမှု အသိုင်းအဝိုင်းအတွင်း နေအိမ်အတော်များများတွင် တမာပင်ကို စိုက်ပျိုးထားကြ၏။ တမာတွင် ရေတမာ၊ ကုလားတမာ၊ တောင်တမာ၊ တောတမာ၊ သဘော်တမာ၊ မြန်မာတမာဟူပြီး တမာအမျိုးမျိုး ရှိကြ၏။ လူသိများပြီး စားသုံးကြသည့် တမာအမျိုးအစားကို အညာတမာ၊ စားတမာဟု ခေါ်ဆိုကြပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ Neem Tree ဖြစ်ကာ ၁argo-sa, nimtree နှင့် Indian lilac ဟုလည်းခေါ်ဆိုကြ၏။ သိပ္ပံအမည်မှာ Azadirachta indica ဖြစ်ကာ မဟော်ဂနီနှင့် မျိုးရင်းတူသည့် Meliaceae တွင် ပါဝင်၏။ တမာပင်သည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှ၏ အချို့သော နိုင်ငံများမှ စတင်ဖြစ်ထွန်းပေါက်ရောက်ပြီး နောက်ပိုင်းတွင် ကမ္ဘာပေါ်ရှိ အပူပိုင်းနှင့် သမပိုင်းဒေသများတွင် တမာပင်ကို သွင်းယူစိုက်ပျိုးလာခဲ့ကြ၏။

မြန်မာနိုင်ငံ၏ အညာဒေသတွင် တမာပင်သည် အလေ့ကျပေါက်လေ့ ရှိသော်လည်း ယခုနောက်ပိုင်းတွင် လမ်းဘေးဝဲယာတစ်လျှောက်တွင် လည်းကောင်း၊ အိမ်ခြံဝင်းများတွင်လည်းကောင်း တကူးတက စိုက်ပျိုးလာကြ၏။ ရုံဖန်ရံခါ ငှက်ကလေးများကြောင့် တမာစေ့လေးများကျကာ အပင်ပေါက်လေးများ ပေါက်လာတတ်၏။ တမာပင်သည် အမြဲစိမ်းအပင်ကြီးမျိုးဖြစ်ပြီး ပင်စည်ဖြောင့်သော အမြင့်ပေ ၅၀ ခန့်မှသည် ပေ ၅၀၀ ခန့်အထိ ကြီးထွားရှင်သန်လွယ်၏။ အရွက်ရိုးတံတစ်ခုတွင် အစိမ်းရင့်ရောင် ငှက်မွှေးပုံသဏ္ဌာန် ခွေးသွားစိတ်ကဲ့သို့ အနားများရှိသော၊ ရွက်ထိပ်ဖျားချွန်သော အရွက်လေးများ ၁၀ စုံခန့်ပါဝင်ပြီး ရွက်လွှဲထွက်ကြ၏။ ဖြူဝါဝါအရောင်ရှိပြီး သေးငယ်သော၊ ချိုမွှေးခါးသက်သော ရနံ့ရှိသည့် တမာပွင့်လေးများ လှိုင်လှိုင်ပွင့် တတ်သည့် တပေါင်းလမှ ကဆုန်လအတွင်းအချိန်တွင် မွှေးရနံ့ သင်းပျံ့လှိုင်သည့် တမာပန်းလေးများကြောင့် စိတ်အမောပြေကြ၏။ ကဆုန်နယုန်တွင် သီးတတ်သည့် တမာသီးလေးများမှာ အနည်းငယ်ရှည်မျောမျောပုံ သဏ္ဌာန်ရှိပြီး အတွင်းတွင် အနီရောင်အစေ့တစ်စေ့ပါဝင်၏။ အသီးအရောင်မှာ ငယ်နုစဉ်တွင် အစိမ်းရောင်ရှိပြီး မှည့်လျှင် အဝါနုရောင်ဖြစ်၏။

တမာပင်၏ အပွင့်၊ အစေး၊ အဆီ၊ အခေါက်၊ အရွက်၊ အသီး၊ အခက်အရိုးတို့ကို ဆေးဖက်ဝင်အဖြစ် အသုံးပြုကြ၏။ တမာရွက်တွင် ပရိုတင်း၊ ကယ်လ်စီယမ်၊ ဗီတာမင်စီ၊ ကာဘိုဟိုက်ဒရိတ်၊ ဖက်တီးအက်စစ်၊ အမိုင်နိုအက်စစ်နှင့် ဖော့စ်ဖရပ်စ်တို့ ကြွယ်ဝစွာပါဝင်၏။ တမာဖူး၊ အပွင့်လေးများတွင် ဗီတာမင်များနှင့် သတ္တုဓာတ်များ ကြွယ်ဝစွာ ပါဝင်သည့်အပြင် ဓာတ်တိုးဆန့်ကျင် ပစ္စည်းများစွာပါဝင်သည့် အာဟာရ အရင်းအမြစ်ကောင်းတစ်ခုဖြစ်၏။

တမာရွက်နုလေးများ၊ တမာဖူးနှင့် အပွင့်လေးကို နေ့စဉ်စားသုံးသည့် အစားအစာထဲတွင် ထည့်သွင်းစားသုံးခြင်းဖြင့် ကျန်းမာရေး အကျိုးကျေးဇူး ကောင်းများကို ရရှိစေနိုင်မည် ဖြစ်၏။

တမာချဉ်းလက်ဖက်ရည် ရေတစ်ဖန်ခွက်စာပမာဏထဲသို့ တမာရွက် ၄ ရွက်နှင့် ချင်းနုတ်နုတ်စင်းတို့နှင့်အတူ ရောထည့်ပြီး ပွက်ပွက်ဆူ အောင်တည်ပါ ပြီးလျှင် အရည်စစ်ယူပြီးလျှင် အခါးအရသာလျော့နည်းသွားအောင် ပျားရည် လက်ဖက်စားဇွန်း ၁ ဇွန်း၊ သံပရာရည် လက်ဖက်စားဇွန်း တစ်ဝက်ထည့်ပြီး သောက်သုံးပေးနိုင်၏။

### တမာရွက်မှုန့်ကို အသုံးပြုခြင်း

တမာရွက်တစ်ဇလုံကို ခူးဆွတ်ပြီးနောက် သန့်စင်အောင် ရေဆေးပြီး အရိပ်အောက်တွင် ခြောက်အောင်လှန်းပေးပါ။ ပြီးလျှင် အမှုန့်ဖြစ်အောင်ပြုလုပ်ပေးပါ။ ယင်းအမှုန့်ကို ဟင်းလျာများ၊ ဟင်းအနစ်များ၊ သနပ်များ၊ တို့ရည်၊ ပူရီ အစရှိသည်တို့ ပြုလုပ်ရာတွင် ထည့်သွင်းပြီး စားသုံးကြ၏။ ရေနွေးပွက်ပွက်ဆူထဲ တမာရွက်နှင့် တမာပွင့်ခြောက်တို့ကို လက်ဖက်ခြောက်ခပ်သကဲ့သို့ ရေနွေးကြမ်းအဖြစ် သောက်သုံးနိုင်၏။

### တမာရွက်ကြိတ်ရည်သောက်သုံးခြင်း

သန့်ရှင်းလတ်ဆတ်သော တမာရွက်နုလက်တစ်ဆုပ်စာကို ကြိတ်ပြီး အရည်ကို စစ်ယူပါ။ ပြီးလျှင် ဆား အနည်းငယ်၊ နုတ်နုတ်စင်းထားသော ချင်း၊ ငရုတ်ကောင်းနက်မှုန့်အနည်းငယ်၊ သံပရာရည် လက်ဖက်စားဇွန်းတစ်ဇွန်းတို့ထည့်သွင်းသောက်သုံးနိုင်၏။

တမာဖူး၊ တမာပွင့်လေးများသည် သည်းခြေရည်ထုတ်လွှတ်မှုကို လျော့နည်းစေရန် အထောက်အကူပြုပေးခြင်း၊ အူအတွင်းရှိ သန်ကောင်၊ တုပ်ကောင်များကို နှိမ်နင်းပေးနိုင်ခြင်း၊ စိတ်ဖိစီးမှုများခြင်းမှ ကင်းဝေးစေခြင်း၊ အမြင်အာရုံအားကောင်းစေခြင်း၊ အသည်းကျန်းမာရေး ကောင်းမွန်စေခြင်း၊ သွေးသန့်စင်စေခြင်း၊ ဇီဝကမ္မဖြစ်စဉ်ကို ကောင်းမွန်စေခြင်း၊ သွေးအတွင်းရှိ သကြားပမာဏကို မျှခြေဖြစ်စေခြင်း၊ ကိုယ်အလေးချိန်ကို လျော့ကျစေခြင်း၊ အရေပြား ခြောက်သွေ့ခြင်း၊ ယားနာရောဂါများဖြစ်ခြင်းတို့မှ သက်သာစေခြင်းနှင့် အသားအရေကို လှပစေခြင်း အစရှိသည့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်၏။

အိန္ဒိယလူမျိုးများက လွန်ခဲ့သည့် ရှေးနှစ်ပေါင်း များစွာကတည်းက တမာရွက်၏ ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို သတိပြုမိခဲ့ကြ၏။ တမာရွက်သည် အရေပြားပေါ်တွင် ဖြစ်ပွားတတ်သည့် ယားနာရောဂါများကို သက်သာပျောက်ကင်းစေသည့် အိမ်သုံးဆေးတစ်လက်အဖြစ် လွန်ခဲ့သည့် နှစ်ထောင်ပေါင်း များစွာကတည်းက အသုံးပြုခဲ့ကြ၏။ လိုအပ်သည့်အချိန်တွင်



အလွယ်တကူ ခူးဆွတ်အသုံးပြုနိုင်ရန်အတွက် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက တမာပင်ကို အိမ်ခြံဝင်းအတွင်း၊ ပန်းခြံများအတွင်းတွင် တကူးတက စိုက်ပျိုးခဲ့ကြ၏။

ရာသီအကူးအပြောင်းကာလများတွင် ဖြစ်ပွားတတ်သည့် အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါများ ခံစားရတတ် သည့်အတွက် ကိုယ်ခံစွမ်းအားမြင့်မား အောင် တမာရွက်ပြုတ်ရည်ဖြင့် ရေစိမ် ချိုးခြင်းကို လွန်ခဲ့သော ရှေးနှစ်ပေါင်း များစွာကတည်းက အာယုဗေဒ ဆေးပညာရပ်အရ အသုံးပြုခဲ့ကြ၏။ ကိုဗစ် ၁၉ ကပ်ရောဂါခံစားရချိန်တွင် ကိုယ်ခံစွမ်းအားမြင့်မားအောင် ထိန်းထားနိုင်ရန်အတွက် တမာရွက် ပြုတ်ရည်စိမ်ချိုးခြင်းကို ပြုလုပ်ခဲ့ကြ၏။

ဖြူဝါရောင်သန်းပြီးသင်းရနံ့ပျံ့မွှေးသည့် တမာပွင့်လေးများ၏ ရနံ့လေးကို ရှူရှိုက်မိသည့်အခါ အမူးအမော်ပြေစေသကဲ့သို့ ဟင်းသီးဟင်းရွက် အဖြစ် ပြင်ဆင်ချက်ပြုတ်စားသုံးနိုင်၏။ တမာဖူးလေးများနှင့် အပွင့်လေးများကို အစိမ်းအတိုင်းလည်း စားသုံးနိုင်၏။

စာ-၁၉ သို့





ကျောဖုံး နွေစပါး မှ

ယင်းအနက် ဆည်/ကန်/တမံများမှ ရေဖြင့် နွေစပါး စိုက်ပျိုးသည့်ဧက ၂ ဒသမ ၆၈ သိန်း ပါဝင်သည်။

၂၀၂၃-၂၀၂၄ နှစ် နွေစပါးစိုက်ဧကများအနက် ဧက ၈ ဒသမ ၅ သိန်းတွင် အကျိုးတူလယ်ယာစနစ် (Contract Farming) ဖြင့် ဆောင်ရွက်နိုင်ရန် မျိုး၊ မြေဩဇာ စသည့် သွင်းအားစုအတွက် နိုင်ငံတော်က တစ်ဧကလျှင် ကျပ် ၂ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၄၀ ဘီလီယံ ထောက်ပံ့ပေးထားကြောင်းလည်း သိရှိရသည်။

ဆည်ရေသောက်ဧရိယာများအလိုက် ဆက်သွယ်နိုင်သော ဌာနတာဝန်ရှိသူများ၏ ဖုန်းနံပတ်များ၊ ရေအသုံးချသူအဖွဲ့ (WUG) ဖုန်းနံပတ်များ ကို ဆက်သွယ်၍ စိုက်ပျိုးရေ ရရှိရေး ဆက်သွယ်ဆောင်ရွက်နိုင်သကဲ့သို့ နည်းပညာအပါအဝင် လိုအပ်ချက်များရှိပါက နီးစပ်ရာ


မြောက်နဝင်းဆည်ရေသောက်စနစ်

စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ တောင်သူနည်းပညာပြန့်ပွားရေးစင်တာဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြသည့်အပြင် စိုက်ပျိုးရေးဦးစီးဌာန Call Center ၏ Hot Line 01.2399555 သို့ ရုံးဖွင့်ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**ကိုရင်အောင်မိုး**

စာ-၁၈ မှ

တစ်နှစ်လျှင်တစ်ကြိမ် တမာပင်မှ ရွက်ဟောင်းကြွေပြီး ရွက်နုဝေသည့် ယခုလို တပို့တွဲ၊ တပေါင်းလချိန်ခါမျိုးတွင် ရွက်နုလေးများ၏ ထိပ်ဖျားတွင် ဖြူဝါနုရောင် တမာဖူးပွင့်လေးများ ဝေဆာသည့်အချိန်တွင် ရွက်နုများနှင့်အတူ တမာဖူးပွင့် လေးများကိုပါ ခူးပြီး တစ်နှစ်တာလုံး စားသုံးနိုင်အောင် နည်းမျိုးစုံဖြင့် ပြုပြင်စီမံပြီး ဈေးကွက်ထဲသို့အရောက်ပို့ကြ၏။

တမာရွက်နု၊ တမာဖူးနုနုညဉလေးများကို အပင်မှ ခူးဆွတ်ကာ မီးအုံးပြီးလျှင် ငပိရည်ကျို၊ ငပိချက်၊ ခရမ်းချဉ်သီးချက်၊ ငပိထောင်း သံပုရာရည်ဖျော်၊ ခရမ်းချဉ်သီးထောင်း စသည်တို့နှင့်အတူ တွဲဖက်ပြီးတို့စရာအဖြစ်စားသုံးတတ်ကြ၏။ မွှေးမွှေးလေးနှင့် ထမင်းမြိန်စေ၏။

တမာချဉ်ပြုလုပ်လိုပါက ဦးစွာပထမ ဆန်ဆေးရေ ဒုတိယရေကို တစ်ညသိပ်ကာ အချဉ်ခံထားပါ။ တမာရွက်နု၊ တမာဖူးနုလေးများကို ခူးဆွတ်ပြီးလျှင် ညီညီစီပြီး နီးလေးဖြင့်စည်းနှောင်ပြီးလျှင် ရေနွေးကျိုက်ကျိုက်ဆူတွင် နွမ်းရုံနှစ်ပြီး ဆယ်ယူအအေးခံပါ။ ဆီးသီး သို့မဟုတ် မန်ကျည်းသီးကို ဆား၊ နနွင်းမှုန့်တို့နှင့် အတူအရည်ကျိုပြီး ရေဆူလာသောအခါ တမာရွက်နနှင့် အဖူးလေးများကို ထည့်ကာ ၂ မိနစ်ခန့်ကြာအောင် ပြုတ်ပေးပါ။ ပြီးလျှင် ရေစင်အောင် ဆေးပြီး ရေအေးထဲတွင် စိမ်ပေးထားပါ။ ပြီးလျှင် အချဉ်ခံထားသည့် ဆန်ဆေးရည်ထဲတွင် ဆားခပ်ပြီး မွှေထားပါ။ တမာရွက်အစည်းလေးများကို သန့်စင်သော ဖန်ပုလင်း/စဉ့်အိုး/ ပလတ်စတစ်ဗူးထဲတွင် စီစီရီရီထည့်၊ အချဉ်ခံထားသော ဆန်ဆေးရည် မြုပ်သည်အထိလောင်းထည့်ပြီး အဖုံးလုံအောင် ပိတ်ထားပါ။ ၃ ရက်ခန့်ကြာလျှင် မွှေးပျံ့ပြီး အခါး အရသာပေါ့ပေါ့လေးနှင့် မွှေးလှသည့် တမာချဉ်လေးရပါပြီ။

မြန်မာလူမျိုးအများစုက တမာဖူးချဉ်ကို ငပိရည်ကျို၊ ငပိချက်၊ ခရမ်းချဉ်သီးချက်၊ ငပိထောင်း သံပုရာရည်ဖျော်၊ ခရမ်းချဉ်သီးထောင်း စသည်တို့နှင့် အတူ တွဲဖက်ပြီး တို့စရာအဖြစ် စားသုံးတတ်ကြ၏။ အခုလို ကိုင်းခရမ်းချဉ်သီးတွေ လှိုင်လှိုင်ပေါ်ချိန် ငရုတ်သီးစိမ်း နိုင်းချင်းနှင့်ခရမ်းချဉ်သီးချက် စပ်စပ်လေးချက်ပြီး တမာဖူးချဉ်ကို တွဲဖက်စားရရင်ဖြင့် လိုက်ဖက်နေမှုကြီးတစ်ခုပေ။

တမာချဉ်၏ အရွက်နှင့် အဖူးအပွင့်လေးများကို လက်ကလေးနဲ့ဖွဲ့ယူပြီးလျှင် ကြက်သွန်နီပါးပါးလှီး၊ ဆီချက်ကြော်၊ မြေပဲဆံလှော်နှင့် နှမ်းလှော်ထောင်း၊ ပဲကြက်မှုန့်၊ ပုစွန်ခြောက်မှုန့်တို့ထည့်ပြီး သမအောင်ရောနယ်၊ အနံ့လေး မွှေးအောင် သံပရာသီးစိတ်လေးညှစ်ပြီး သုပ်စားသည့် တမာချဉ်သုပ်သည် အလွန်ပင်နှုတ်မြိန်စေသည့် အစာတစ်မျိုးဖြစ်၏။ ထမင်းဖြူနှင့် ဖြစ်စေ၊ ရေနွေးကြမ်းပူပူကို မှုတ်သောက်ပြီး ဖြစ်စေ တွဲဖက်စားသုံးနိုင်သလို ထမင်းဝိုင်းတွင်လည်း ဟင်းပွဲတစ်မယ်တိုးစေ၏။



တမာပင်မှ ဖူးပွင့်သည့် အပွင့်ဆိုသော်လည်း တမာရွက်ကဲ့သို့ ခါးသက်သည့် အရသာမျိုးမဟုတ်ဘဲ ခါးသည်ဆိုရုံမျှသော အရသာမျိုးဖြစ်၏။ တမာအဖူးအပွင့်လေးများကို အပင်မှ ခူးဆွတ်ပြီးနောက် သန့်စင်အောင်ရေဆေးပြီးလျှင် အဖူးအပွင့်လေးများကို လက်ဖြင့် အသာအယာ ချေပေးပါ။ အာလူး သုံးလုံးကို ပြုတ်၊ အခွံခွာပြီး ညက်အောင်ချေပေးပါ။ ပြီးလျှင် ကုလားပဲမှုန့် ထမင်းစားဇွန်း ၂ ဇွန်း၊ ဆန်မှုန့် ထမင်းစားဇွန်း ၂ ဇွန်း၊ နုတ်နုတ်စင်းထားသော ငရုတ်သီးစိမ်း ၂ တောင့်၊ ပါးပါးလှီးထားသော တမာရွက်နု ၅ ရွက်၊ နုတ်နုတ်စင်းထားသော ကြက်သွန်ဖြူ ၃ မွှာ၊ နုတ်နုတ်စင်းထားသော ကြက်သွန်နီ အရွယ်တော် ၂ လုံး၊ ဆားအနည်းငယ်၊ အရသာမှုန့် အနည်းငယ် ရောပြီး သမအောင် မွှေပေးပါ။ ပြီးလျှင် ရရှိလာသော အစာအရောအနှော လေးများကို အဝိုင်းပုံစံလေးများဖြစ်အောင် ပြုလုပ်ပေးလိုက်ပါ။ ပြီးလျှင် တမာဖူးပွင့်လေးများကို အာလူးအဝိုင်းမျက်နှာပြင် နှစ်ဖက်စလုံး၏ အပေါ်ဘက်မှအုပ်ပြီးလက်ကလေးဖြင့် အသာအယာ ဖိပေးလိုက်ပါ။ ဒယ်ပြားတစ်ချပ်ကို မီးဖိုပေါ်တင်ပြီး အိုးပူလာသည့်အခါ ဆီ အနည်းငယ်ထည့်ပါ။ ပြီးလျှင် မီးအပူရှိန်ကိုလျှော့ပြီး ရွှေညိုရောင်သန်းသည့်အထိ ကြော်ပေးပါ။ တစ်ဖက်ကျက်ပြီးမှ နောက်တစ်ဖက်ကို အသာအယာလှန်ပြီး ကြော်ပေးပါ။ တမာဖူး အာလူးကတ်တလိပ် ပူပူနွေးနွေးလေးကို ထမင်းဖြူလေးနှင့် ရေနွေးကြမ်းလေးနှင့်အတူ တွဲဖက်သုံးဆောင်နိုင်၏။

တမာပွင့်ကို အခြောက်လှန်းပြီး လက်ဖက်ခြောက်နှင့် ရောပြီး ရေနွေးစိမ်သောက်ခြင်းဖြင့် ဆီးချိုရောဂါသမားများအတွက် သင့်လျော်၏။

တမာရွက်ကို ကျန်းမာရေးအတွက် အကျိုးရှိစေခြင်း၊ အာဟာရအတွက် ချက်ပြုတ်စားသုံးခြင်းအပြင် အခြားသော အသုံးပြုမှုများစွာကိုလည်း မျှဝေလိုက်ရပါ၏။

ကိုယ်ခန္ဓာတွင် ယားယံခြင်း ဝေဒနာခံစားရပါက တမာရွက်ကို ပြုတ်ပြီး ခပ်နွေးနွေးအနေအထားတွင် စိမ်ပေးခြင်း၊ ရေချိုးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေ၏။

နွေရာသီမိတ်ထွက်ပါက တမာခေါက်ကို ဆားအနည်းငယ်နှင့်အတူ ရောသွေးပြီး လိမ်းပေးပါက ဝေဒနာကို သက်သာစေနိုင်၏။ အချို့ကလည်း တမာရွက်ရင့် သို့မဟုတ် တမာအခေါက်ကို ပြာချပြီး အုန်းဆီနှင့် ရောလိမ်းပေးခြင်းလည်း ဝေဒနာကို သက်သာစေနိုင်၏။

တမာရိုးတံလေးများ၏ ထိပ်ပိုင်းကို ဖွာအောင်ထုပြီး သွားပွတ်တံအဖြစ် ရှေးယခင်ကတည်းက အသုံးပြုကြ၏။

တမာမှသည် တမာသွားတိုက်ဆေး၊ တမာဆေးဆပ်ပြာ၊ တမာပိုးသတ်ဆေး စသဖြင့် တန်ဖိုးမြင့်ထွက်ကုန်များစွာလည်း ထုတ်လုပ်အသုံးပြုကြ၏။

အိမ်ရှင်မများ ဆန်ပိုးမတက်စေရန် ဆန်ပုံးထဲတွင် တမာရွက်ခြောက်လေးများ ထည့်ပေးထားခြင်းဖြင့် ပိုးရန်မှ ကာကွယ်နိုင်၏။

သဘာဝတရား၏ လက်ဆောင်မွန် တမာပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်း မျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်


ကင်းတားဆည်ရေသောက်စနစ်

# နှမ်းစပါးဧက ၂ ဒသမ ၆ သန်းခန့်စိုက်ရန်လျာထား၊ ၂ ဒသမ ၁ သန်းစိုက်ပြီး ဆည်တာမံရေဖြင့် စိုက်ဧက ၂ ဒသမ ၆၈ သိန်း ပါဝင်

ကိုရင်အောင်မိုး

လူတို့၏ နေ့စဉ်စားသုံးမှုအတွက် မရှိမဖြစ် လိုအပ်သည့် စိုက်ပျိုးရေး ထွက်ကုန် သီးနှံများ ဈေးကောင်းရလျက်ရှိရာ လက်ရှိစပါးဈေးဆန်ဈေး မြင့်နေသည့်အတွက် တောင်သူများ အနေဖြင့် နွေစပါးကို အလေးထား စိုက်ပျိုးလာလျက်ရှိကြောင်း သိရသည်။

နေရောင်ခြည်ပိုမိုရရှိမှုကြောင့် စပါးပင်အတွက် အပင်အစာချက်လုပ်မှု ကောင်းမွန်သဖြင့် အထွက်နှုန်းကောင်းသည်ဖြစ်ရာ ရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် နွေစပါးကို စိုက်ပျိုးကြသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် နွေစပါး အများဆုံး စိုက်ပျိုးပြီး ကျန်အဓိက စိုက်ပျိုးသော ဒေသများမှာ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး တို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် နွေစပါးကို ၁၉၉၂-၉၃ တွင် စတင်စိုက်ပျိုးခဲ့ပြီး ၁၉၉၃-၉၄ မှစ၍ နှစ်စဉ် ဧက ၂ သန်းကျော် စိုက်ပျိုးခဲ့ကြသည်။ ၁၉၉၂-၉၃ မှ ၂၀၂၂-၂၃ အထိ နှစ် ၃၀ ကာလအတွင်း တစ်နှစ်လျှင် နွေစပါးဧက သုံးသန်းကျော်ကို ၁၉၉၅-၉၆ ခုနှစ်တွင်လည်းကောင်း၊ ၂၀၀၆-၂၀၀၇ မှ ၂၀၀၉-၂၀၁၀ အထိ (၄ နှစ်ဆက်တိုက်) လည်းကောင်း စိုက်ပျိုးနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် စပါးစုစုပေါင်း ၁၇ ဒသမ ၅၈ သန်း စိုက်ပျိုးရန် လျာထားပြီး ယင်းအနက် နွေစပါးကို ဧက ၂ ဒသမ ၅၉ သန်း စိုက်ပျိုးရန် လျာထားခဲ့ရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလကုန်အထိ ၂ ဒသမ ၀၅ သန်း စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရှိရသည်။

နွေစပါးအတွက် စိုက်ပျိုးရေကို ပြည်နယ် တိုင်းဒေသကြီးအသီးသီးရှိ ဆည်/ကန်/ရေလှောင်တမံများမှ ပေးဝေလျက်ရှိရာ လက်ရှိအားဖြင့် ကရင်ပြည်နယ်တွင် ဆည်/ကန်/တမံ တစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၂ ခု၊ ပဲခူး တိုင်းဒေသကြီးတွင် ၃၇ ခု၊ မကွေး တိုင်းဒေသကြီးတွင် ၁၅ ခု၊ မန္တလေး တိုင်းဒေသကြီးတွင် ၃၃ ခု၊ မွန်ပြည် နယ်တွင် ၄ ခု၊ ရခိုင်ပြည်နယ်တွင် တစ်ခု၊ ရန်ကုန်တိုင်း ဒေသကြီးတွင် ၄ ခု၊ ရှမ်းပြည်နယ်တွင် ၉ ခု၊ ဧရာဝတီ တိုင်းဒေသကြီးတွင် ၅ ခု၊ နေပြည်တော်တွင် ၁၄ ခုတို့မှ ပေးဝေလျက်ရှိကြောင်း သိရသည်။ ယခုနှစ် နွေစပါးရာသီတွင် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်၊ ရေတံခါး၊ မြစ်ရေတင်၊ စက်ရေတွင်း၊ ချောင်းပိတ်မြောင်းပိတ်နှင့် အခြားရေရရှိရေးနည်းလမ်းများဖြင့် တစ်နိုင်ငံလုံး၌ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် အထိ နွေစပါး ဧက ၂ ဒသမ ၁ သန်းကျော် စိုက်ပျိုးပြီး ဖြစ်ကြောင်း ထပ်မံ သိရှိရသည်။

စာ-၁၉ သို့

စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သတင်း ဆောင်းပါး များနှင့် ဈေးကွက် အခြေအနေများကို
အချိန်နှင့်တပြေးညီ ဖတ်ရှုနိုင်ရန် အတွက်



GET IT ON Google Play
AgribizNews App ကို
Play Store မှာ Download ရယူပါ
တောင်သူလယ်သမားများ မိုဘိုင်းဖုန်းတွင် အခမဲ့ ကြည့်ရှုနိုင်ပါသည်